# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၀)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ဆောင်းပါး**

**ပြည့်ကျိုးမျှော်ရည် ရှေ့သို့ချီ နိုင်ငံသစ်ဆီ တို့ဦးတည်**

စာ - ၁၁ သို့

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီ အတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံ**

စာ - ၁၆ သို့

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၂)ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီးနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ➜



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်)


## ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် အရေးပါသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကဦးဆောင်၍ ဒေသတွင်းလုံခြုံရေးအတွက် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် နိုင်ငံများစွာပါဝင်လာပြီး လုပ်ငန်းပမာဏသာမက အင်အားကြီးမားသည့်အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာနေပြီဖြစ်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများပါဝင်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများအားလုံး၏ GDP မှာ ဒေါ်လာ ၃၀ ဒသမ ၁၇၁ ထရီလီယံရှိသည်ကို တွေ့ရသည်။ ထိုအထဲတွင် GDP အမြင့်ဆုံးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်သည်။ အဆိုပါအဖွဲ့၏စုစုပေါင်းလူဦးရေမှာလည်း ၃ ဒသမ ၉၀၅ ဘီလီယံရှိသည်။ အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာဖက်နိုင်ငံများအားလုံးတွင် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆောင်ရွက်သည့်နိုင်ငံများ၊ သယံဇာတပစ္စည်းများကြွယ်ဝသည့်နိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝသည့်နိုင်ငံများ စသည့်နိုင်ငံများအသီးသီးပါဝင်သကဲ့သို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာကိုးကွယ်သည့်နိုင်ငံများပါဝင်ပြီး ဘာသာပေါင်းစုံပါဝင်သည့်အဖွဲ့အစည်းကြီးဖြစ်သည်။ ထို့ကြောင့် ကဏ္ဍပေါင်းစုံပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် များစွာအကျိုးရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဩဂုတ်လကုန်ပိုင်းမှစက်တင်ဘာလဆန်းပိုင်းအထိ တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အပေါင်းအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်ခဲ့ခြင်းမှာ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့တို့သို့လည်း သွားရောက်လေ့လာခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုလုပ်ငန်းများပြုပြင်ပြောင်းလဲရေးလုပ်ငန်းအဆိုပြုချက်(၅)ခု၊ Global Governance Initiative (၅)ချက်ကိုတင်သွင်းခဲ့သည်။ ပထမအချက်မှာ နိုင်ငံတိုင်းသည်တန်းတူအခွင့်အရေးရှိကြောင်းကိုအခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအားဆောင်ရွက်သင့်သည်။ ဒုတိယအချက်မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှစိုးမိုးရမည်ဟူသောအချက်ပေါ်တွင်အခြေခံသည်။ တတိယအချက်မှာကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံထားသင့်သည်။ စတုတ္ထအချက်မှာ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်တွင် ပြည်သူကိုဗဟိုပြုချဉ်းကပ်သောနည်းလမ်းများအပေါ်တွင် အခြေခံထားသင့်သည်။ ပဉ္စမအချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်သည် စစ်မှန်သောရလဒ်များပေါ်တွင်သာ အခြေခံထားသင့်သည်ဟူ၍ဖြစ်သည်။ အဆိုပါဆွေးနွေးချက်(၅)ချက်သည် မြန်မာနိုင်ငံနှင့် သဘောထားချင်းနီးစပ်ကိုက်ညီသည့်အတွက် နိုင်ငံတော်အကြီးအကဲက ထောက်ခံဆွေးနွေးခဲ့သည်။ အဆိုပါအချက်(၅)ချက်သည် ကမ္ဘာ၌လက်ရှိဖြစ်ပျက်နေသည့်ဖြစ်စဉ်များနှင့်လည်းကိုက်ညီမှုရှိသည်။

ကမ္ဘာပေါ်၌ အချို့နိုင်ငံများနှင့်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့မလိုလားသောနိုင်ငံများ၊ အစိုးရများအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ဘဏ္ဍာရေးအရ၊ အုပ်ချုပ်ရေးအရဖိနှိပ်မှုများနှင့် ခွဲခြားဆက်ဆံမှုများရှိသည်။ အဆိုပါကိစ္စများအား နိုင်ငံတကာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးတိုးမြှင့်ထားရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် အစည်းအဝေးနှင့်စစ်ရေးပြအခမ်းအနားသို့တက်ရောက်ချိန်အတွင်း တရုတ်နိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေး ၎င်းတို့အနေဖြင့် လိုလားသည်ကို တွေ့ရသည်။ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှခေါင်းဆောင်များနှင့်လည်း နိုင်ငံအလိုက်ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးဆွေးနွေးနိုင်ခဲ့သည်။ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်လည်းဆွေးနွေးနိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများနှင့်လည်း ကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုလုပ်ငန်းများပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များမှာ ကမ္ဘာ၌လက်ရှိဖြစ်ပျက်နေသည့်ဖြစ်စဉ်များနှင့်လည်း ကိုက်ညီမှုရှိပြီး မြန်မာနိုင်ငံနှင့်လည်း သဘောထားချင်းနီးစပ်ကိုက်ညီမှုရှိကြောင်းရေးသားလိုက်ရပေသည်။ ။




**"From science to global action"**

**"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး"**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၅-၉-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

● ကျောဖုံးမှအဆက်

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| (၃) | ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| (၄) | အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်** | |
| (၅) | ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| (၆) | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| (၇) | ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်** | |
| (၈) | ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| (၉) | မတူပီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| (၁၂) | ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီး** | |
| (၂၂) | ဆောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီး** | |
| (၂၇) | နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်** | |
| (၃၀) | ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

**( ခ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်(၉)နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကယားပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၁) | မဲဆန္ဒနယ်အမှတ် (၅) | ဖားဆောင်းမြို့နယ်။ |
| (၂) | မဲဆန္ဒနယ်အမှတ် (၆) | မယ်စဲ့မြို့နယ်နှင့်ရှားတောမြို့နယ်။ |
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၃) | မဲဆန္ဒနယ်အမှတ် (၂) | ပလက်ဝခရိုင်တစ်ခုလုံး။ |

စာမျက်နှာ ၄ သို့ ●

● စာမျက်နှာ ၃ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
| --- | --- | --- |
| (၄) | မဲဆန္ဒနယ်အမှတ် (၄) | မတူပီခရိုင်တစ်ခုလုံး။ |
| (၅) | မဲဆန္ဒနယ်အမှတ် (၅) | မင်းတပ်ခရိုင်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၆) | မဲဆန္ဒနယ်အမှတ် (၄) | မောင်တောခရိုင်တစ်ခုလုံး။ |
| (၇) | မဲဆန္ဒနယ်အမှတ် (၅) | မြောက်ဦးခရိုင်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၈) | မဲဆန္ဒနယ်အမှတ် (၄) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |
| (၉) | မဲဆန္ဒနယ်အမှတ် (၅) | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |

**(ဂ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် (၅၆) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
| --- | --- | --- |
| | **ကချင်ပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| (၁) | ချီဖွေမြို့နယ် မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| (၂) | ဆော့လော်မြို့နယ် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| (၃) | ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| (၄) | အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| (၅) | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| (၆) | မယ်စဲ့မြို့နယ် မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| (၇) | ရှားတောမြို့နယ် မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| (၈) | ပလက်ဝမြို့နယ် မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| (၉) | မတူပီမြို့နယ် မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| (၁၂) | ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် )** | |
| (၂၂) | ဆောမြို့နယ် မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၂၇) | နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၃၀) | ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံး ရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကရင်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ဘားအံ စက်တင်ဘာ ၁၄

ကရင်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက အခြေခံပညာအသက် ၁၀ နှစ်မှ ၁၅ နှစ်အထိ အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲ၊ အခြေခံပညာအသက် ၁၅ နှစ်မှ ၂၀ အထိ အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲခေတ်ဟောင်းတေး/ကာလပေါ် အခြေခံပညာအသက် ၁၀ နှစ်မှ ၁၅ နှစ်အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ အသက် ၁၅ နှစ်မှ ၂၀ အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ မဟာဂီတ အခြေခံပညာအသက် ၁၀ နှစ်မှ ၁၅ နှစ်အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ အသက် ၁၅ နှစ်မှ ၂၀ အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ မဟာဂီတ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အခြေခံပညာအသက် ၁၅ နှစ်မှ ၂၀ အထိ အမျိုးသားအရေးပြိုင်ပွဲ၊ ကဗျာလွတ်အကပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊




အရေး၊ အတီးပြိုင်ပွဲ ဒိုင်အဖွဲ့နှင့် အတီးပံ့ပိုးအဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ **ကျောဖုံးမှအဆက်**

၃။ သို့ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် အချိန်ပိုမိုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်** |
| (ခ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်** |
| (ဂ) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းပါက စတင်အစားထိုးပြန်လည်တင်သွင်းရမည့် နေ့ရက်နှင့်နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် မှ စက်တင်ဘာလ ၂၂ ရက်အထိ** |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်** |
| (င) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် မှ အောက်တိုဘာလ ၄ ရက် အထိ** |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်း (၁၀)နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်






ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေး အသင်း (၁၀)နှစ်ပြည့် ဂုဏ်ပြုအခမ်းအနား နှင့် တတိယအကြိမ် သင်းလုံးကျွတ်အစည်း အဝေးကို ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံရုံး ယာယီတာဝန်ခံ Ms.Cao Jing၊ တရုတ်နိုင်ငံ ဆိုင်ရာအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က ၂၀၂၅ ခုနှစ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံ ရေးစတင်ထူထောင်နိုင်ခဲ့သည့် (၇၅) နှစ်ပြည့် မြောက်သောနှစ်ဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေးကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို လက်တွေ့ကျင့်သုံးခဲ့ကြကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ဆောင်ရွက်ရာ တွင် အစိုးရအချင်းချင်း ဆက်သွယ်ဆောင် ရွက်မှုများအပြင် ပြည်သူချင်းဆက်သွယ် ပူးပေါင်းဆောင်ရွက်သည့် People to People အခန်းကဏ္ဍတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးဆိုင်ရာအသင်းအဖွဲ့များ၏ ဆောင်ရွက်မှုများသည် အရေးပါလျက်ရှိ ကြောင်း။

ယနေ့အခမ်းအနားတွင် ဆွေမျိုး ပေါက်ဖော်မဂ္ဂဇင်းနှင့် မြဝတီရုပ်မြင်သံကြား တို့ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် အသိအမှတ်ပြုသဘောတူစာချုပ် ချုပ်ဆို မည်ဖြစ်သည့်အတွက် အောင်မြင်သည့် အသီးအပွင့်တစ်ခုဖြစ်ကြောင်း၊ အနာဂတ် ခရီးစဉ်တွင် “မြန်မာတရုတ် ပူးပေါင်း ဆက်ဆံရေးအသင်း” အနေဖြင့် ဆက်လက် အားဖြည့်ကူညီပေးရင်း နှစ်နိုင်ငံအကျိုးကို နှစ်ပေါင်းများစွာ ဆက်လက်ဆောင်ရွက်နိုင် ပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာတရုတ် သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing နှင့် အသင်း၏ Senior President ဦးသစ္စာ (ခ) Mr. Li Bo Bo တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြားနှင့် မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်း တို့သည် သဘောတူစာချုပ်ချုပ်ဆိုကြပြီး မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေးအသင်း အလုပ်အမှုဆောင်ကော်မတီဝင်အသစ် များ၏ အမည်စာရင်းများကိုကြေညာခြင်း၊ “သစ်လွင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး အသင်းခွဲ” စတင်ထူထောင်ကြောင်းကြေညာ ခြင်းနှင့် အဖွဲ့ဝင်စာရင်းအားကြေညာခြင်း၊ ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခြင်း၊ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြကြောင်း သိရ သည်။

မြဝတီ

# လားရှိုးတွင် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်၍ အသိပညာပေးပြီး လက်တွေ့စမ်းသပ်မဲပေး

လားရှိုး စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး မြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အမှတ် (၆) အခြေခံ ပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇ ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း က အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်း ရေးမှူး ဦးစိုးသိန်းဇော်က မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM)နှင့် ပတ်သက်သည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြား သည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် မဲဆန္ဒရှင်ပြည်သူ များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ကြရာ ပြည်နယ်အစိုးရအုပ်ချုပ် ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်း ရေးမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန် ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ တောင်ကြီးစဝ်စံထွန်းဆေးရုံသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၄

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)နှင့် တောင်ကြီးအသင်းခွဲတို့မှ တောင်ကြီးစဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး အတွက် လိုအပ်သောဆေးဝါးနှင့် ပစ္စည်း ကိရိယာများအား လှူဒါန်းပွဲအခမ်းအနား ကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဆေးရုံကြီး၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် တောင်ကြီးအသင်းခွဲ ဥက္ကဋ္ဌ ဦးဟန်လင်းအောင်၊ အတွင်းရေးမှူး ဦးထွန်းလွင်နှင့် အမှုဆောင်အဖွဲ့က တန်ဖိုး ၁၈၈ သိန်းခန့်ရှိသော ဆေးဝါးပစ္စည်းများ ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်မောင်က လက်ခံရယူ၍ ကျေးဇူးတင် စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် တောင်ကြီးအသင်းခွဲဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့သည် စက်တင်ဘာလ ၁၁ ရက် ညပိုင်းက မန္တလေးမှ အလုပ်သဘော ခရီးစဉ်ရောက်ရှိနေသော ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့်တွေ့ဆုံ၍ မြန်မာ-တရုတ် ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်းသိရ သည်။

မြဝတီ

# ကျိုက်လတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် စက်တင်ဘာ ၁၄


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဖြူဆိပ်ကျေးရွာအုပ်စု ရွာသာအေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာလ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးကြပြီး လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

အဆိုပါရွာသာအေးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၆၆၆ ပေ၊ အကျယ် ၆ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူထည့်ဝင်ငွေ ငွေကျပ် ငါးသန်း စုစုပေါင်း ငွေကျပ်သန်း ၂၀ ဖြင့် ဇူလိုင်လပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် အိမ်ခြေ ၆၇ အိမ်၊ လူဦးရေ ၃၀၅ ဦးအတွက် ရာသီမရွေးသွားလာနိုင်ကာ ကျေးရွာတွင်းသန့်ရှင်းသာယာလှပမှုရှိပြီး ကျေးရွာနေပြည်သူတို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုလှိုင်




# ကျေးလက်ရေပေးဝေရေးစနစ်များ ပြင်ဆင်ထိန်းသိမ်းနည်းနှင့် ငွေစာရင်းရေးသွင်းနည်း သင်တန်းဖွင့်ပွဲကျင်းပ

မိုးညှင်း စက်တင်ဘာ ၁၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ၌ ကျေးလက်ရေပေးဝေရေးစနစ်များ ပြင်ဆင်ထိန်းသိမ်းနည်းနှင့် ငွေစာရင်းရေးသွင်းနည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁၄ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်က ကျေးလက်ရေပေးဝေရေးစနစ်များ ပြင်ဆင်ထိန်းသိမ်းနည်းနှင့် ငွေစာရင်းရေးသွင်းနည်း သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက ယင်းသင်တန်းနှင့်ပတ်သက်သည့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကော်မတီဝင်များနှင့်အတူပူးပေါင်းပါဝင် ဆောင်ရွက်ရမည့်အချက်များ၊ ကျေးရွာရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေများ၊ စက်ရေတွင်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်အချက်များ၊ ငွေစာရင်းများနှင့်ပတ်သက်၍ တိကျမှန်ကန်ပြီး အမှားအယွင်းများမဖြစ်စေရန် စာရင်းဇယားများ စနစ်တကျရေးသွင်းထားရှိရမည့်အချက်များ စသည်တို့ကို တက်ရောက်လာကြသည့် ကျေးရွာကော်မတီဝင်များသိရှိနိုင်စေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာကော်မတီဝင်များက ယင်းသင်တန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားကြောင်း သိရသည်။

ရွှေမိုးညှင်း

# ပလင်းကမ်းသာယာဆင်စခန်းသို့ Online မှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှု ၁၀၁၅ ကြိမ်အထိ ရှိလာ

ညောင်ဦး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ - ပခုက္ကူကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာဆင်စခန်း၌ မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက Online မှတစ်ဆင့် ဆက်သွယ်၍ဆင်စာဘူဖေးကျွေးမှု များပြားလာလျက်ရှိရာ ၁၀၁၅ ကြိမ်အထိ ရှိလာပြီဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းကဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းတွင် မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက ဆင်စာဘူဖေးကျွေးမွေးရန် Online မှတစ်ဆင့် လှူဒါန်းလျက်ရှိရာ ၁၀၁၅ ကြိမ်အထိ ရှိလာပြီး Online မှလည်း ကြိုတင်ချိတ်ဆက်မှုများလည်း ရှိနေသေးကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း (၂၂) ခုအထိ ဖွင့်လှစ်ထားပြီး ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေဗီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူးများကို အဓိကကျွေးမွေးကာ ရာသီပေါ်သီးနှံများကိုလည်းကျွေးမွေးကြကြောင်း သိရသည်။

ဆင်စာဘူဖေးတစ်ခါ ကျွေးလှူင်ငွေကျပ် ငါးသောင်းမှ တစ်သိန်းအထိ လှူဒါန်းနိုင်ပြီး တနေ့စာ ဆင်ခြောက်ကောင်အတွက် ငွေကျပ် တစ်သိန်းလှူဒါန်းနိုင်ကြောင်းသိရသည်။ ပလင်းကမ်းသာယာဆင်စခန်းသို့ မလာရောက်နိုင်ပါက ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးချစ်ကိုကို ဖုန်း ၀၉-၂၅၆၃၂၅၀၉၉ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဒီပါလင်း

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

သထုံ စက်တင်ဘာ ၁၄

မွန်ပြည်နယ် သထုံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးစေရေးအတွက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(မင်းတန်း)၌ စက်တင်ဘာလ ၁၃ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (မင်းတန်း) ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ၊ ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြင့်တင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# ညောင်ဦးမြို့နယ်၌ ပဲစင်းငုံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ညောင်ဦး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဒေသခံတောင်သူများက ပဲစင်းငုံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာမှ ပဲစင်းငုံစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ညောင်ဦးမြို့နယ်၌ ပဲစင်းငုံစိုက်တောင်သူများသည် ပဲစင်းငုံကို ကဆုန်လနှင့် နယုန်လမိုးဦးမိုးရွာသွန်းချိန်၊ နှမ်းများကြဲပက်ချိန်တွင် ပဲစင်းငုံကို ရောကာ ကြဲပက်စိုက်ပျိုးကြကြောင်း၊ နှမ်းများ နုတ်သိမ်းပြီးချိန် ဝါဆိုလပြည့်ကျော်နှင့် ဝါခေါင်လဆန်းတွင် မိုးရွာသွန်းပါက နှမ်းနှင့်အတူ ကြဲပက်စိုက်ပျိုးခဲ့သည့် ပဲစင်းငုံများ မြေဆွပေးသကဲ့သို့ဖြစ်ကာ ပဲစင်းငုံအပင်တက်အားကောင်းမွန်လာကြောင်း သိရသည်။

ပဲစင်းငုံအပင်သက်တမ်းသည် ငါးလ၊ ခြောက်လကျော်ကြာမြင့်ပြီး သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် အဖူး၊ အပွင့်ပွင့်ကြောင်း၊ အပွင့်ပွင့်ချိန် မိုးရွာသွန်းမှုများပါက အသီးသီးနှုန်းလျော့နည်းသွားနိုင်ကြောင်း၊ အပွင့်ပွင့်ချိန် မိုးရွာသွန်းမှုမရှိပါက ပဲစင်းငုံအထွက်နှုန်းကောင်းမွန်နိုင်ကြောင်း သိရသည်။ ပဲစင်းငုံကို ပြာသိုလနှင့်တပို့တွဲလတို့တွင် နုတ်သိမ်းလေ့ရှိပြီး နုတ်သိမ်းထားသည့်ပဲစင်းငုံများကို အစေ့သပ်သပ်၊ ပဲရိုင်း၊ ပဲမှော်သပ်သပ် ခွဲခြားပြီးပါက ပဲစင်းငုံနုတ်သိမ်းခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ်၌ ပဲစင်းငုံ ၁၃၁၈၉ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှုကောင်းမွန်ကာ ပဲစင်းငုံပေါ်ချိန် ဈေးကောင်းရရန် တောင်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ကဗျာရွတ်ဆို ပုံပြော ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပ



ကြံ့ခင်း စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံ့ခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်း(သဲဖြူ)တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ကဗျာရွတ်ဆို၊ ပုံပြော၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို စက်တင်ဘာလ ၁၃ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(သဲဖြူ)မှ ကျောင်းအုပ်ဆရာကြီး ဦးရဲကြူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ပြိုင်ပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းကျောင်း(သဲဖြူ)မှ မူလတန်းပြဆရာမ ဒေါ်စမ်းသီတာက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများစွာ တိုးပွားလာစေရန် ဟောပြောပွဲနှင့် ပြိုင်ပွဲများပြုလုပ်ပေးသည့်အတွက် တာဝန်ရှိသူများအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးက သက်ဆိုင်ရာပြိုင်ပွဲခေါင်းစဉ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ/ရသစာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါးအသိပညာပေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# မနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ငါးကြင်းပိသာ ၆၅၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့

မနုဖြူ စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ငါးကြင်းပိသာ ၆၅၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မနုဖြူမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းမော်၏ပြောကြားချက်အရ သိရသည်။

မနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးကြင်းပိသာ ၆၅၀၀၀ ကျော်အထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပွဲရုံတွေကို ငါးကြင်းတွေ အဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က အဝယ်လိုက်နေတာရယ်ကြောင့် ငါးကြင်းတင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ပြီးခဲ့တဲ့ဩဂုတ်လက စတင်အရောင်းအဝယ်ကောင်းခဲ့တာပါ။ ဒ့ါပြင် တခြားငါးတွေလည်း ဝယ်လိုအားကောင်းလာပါတယ်" ဟု ဒေါ်ဝင်းဝင်းမော်ကပြောသည်။

မနုဖြူမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူကာ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# မိုးကောင်းမြို့နယ်၌ ဆီစက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးရေးချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုးကောင်း စက်တင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ အရည်အသွေးကောင်းစားသုံးဆီများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီဆီစက်များအသစ်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ချေးငွေများရယူထားသည့် ဆီစက်လုပ်ငန်း၏ အမှန်တကယ်လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို စက်တင်ဘာလ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများ၊ မိုးညှင်းခရိုင်အသေးစားနှင့် စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မိုးကောင်းမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ (မိုးကောင်း)



တာဝန်ခံမန်နေဂျာတို့နှင့်အတူ ပင်းဘောကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာနေ ဒေါ်ဖြူဖြူဝင်း၏ ဟိန်းခနဆန်းဆီစက် လည်ပတ်နေမှု၊ ဆီသိုလှောင်ထားရှိမှု၊ မြေပဲများသိုလှောင်ထားရှိမှုနှင့် ဆီများဖြန့်ဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကွင်းဆင်းစစ်ဆေးအဖွဲ့မှ သိရှိလိုသည့်အချက်အလက်များကို မေးမြန်းကာ ဆီစက်လုပ်ငန်းရှင်၏လိုအပ်ချက်များနှင့် အားနည်းချက်များကို အကြံပြုဆွေးနွေးသည်။

အဆိုပါ ဟိန်းခနဆန်းဆီစက်လုပ်ငန်း တိုးချဲ့လည်ပတ်နိုင်ရန် ဖွံ့ဖြိုးရေးချေးငွေ ငွေကျပ်သန်း ၁၂၀ ကို အတိုး ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးထားပြီး သုံးနှစ်သက်တမ်းတွင် အရင်းဆပ်ရန် တစ်နှစ်ဆိုင်းငံ့သတ်မှတ်၍ ကျန်နှစ်နှစ်တွင် အရင်းဆပ်ရန် ခြောက်လတစ်ကြိမ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် လေးရစ်ဆပ်ရမည်ဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

# ကင်ဆာကုသနေစဉ် စားသုံးရန်လိုအပ်သောအစားအစာနှင့် ရှောင်ကြဉ်သင့်သောအစားအစာများ

ကင်ဆာကုသမှုခံယူနေစဉ် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို မျှတစွာစားသောက်ခြင်းသည် ကင်ဆာကုသရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကင်ဆာကုသမှုခံယူနေချိန်တွင် မှန်ကန်သော အစားအစာစားသုံးခြင်းသည် အရသာအတွက်သာမဟုတ် ခွန်အားနှင့်ခန္ဓာကိုယ် ပြန်လည်ကောင်းမွန်လာစေရန်နှင့် ကုသမှု၏ ဘေးထွက်ဆိုးကျိုးများကို ကူညီပေးနိုင်ပါသည်။ သို့ဖြစ်၍ အာဟာရဓာတ်အများဆုံးပေးသော အစားအစာနှင့် ကုသမှုဘေးထွက်ဆိုးကျိုးများကို သက်သာစေသောအစားအစာများကို သိရှိထားရန်လိုပါသည်။

ကင်ဆာကုသမှုများတွင် ဓာတ်ရောင်ခြည်ကုထုံး၊ ဓာတုကုထုံး၊ ဟော်မုန်းကုထုံး၊ ဇီဝခုခံအားကုထုံးနှင့် ခွဲစိတ်ကုသမှုတို့ပါဝင်သည်။ ကင်ဆာကုထုံးများနှင့် ဆေးဝါးများသည် ကင်ဆာလူနာများစွာ၏ အစားအစာချင်စိတ်နှင့်စွမ်းအင်ပမာဏကို ဆုံးရှုံးစေနိုင်ပြီး အာဟာရချို့တဲ့မှု အန္တရာယ်တိုးမြင့်လာနိုင်ပါသည်။ ကင်ဆာကုသစဉ် ကိုယ်အလေးချိန်အပြောင်းအလဲများကိုလျှော့ချရန်၊ ကင်ဆာကုထုံးများကို ကောင်းမွန်စွာ ကုသမှုခံယူနိုင်ရန်၊ ကုသမှု၏ ဘေးထွက်ဆိုးကျိုးများကို ရင်ဆိုင်ရန်အတွက် စွမ်းအင်ပမာဏကို ထိန်းသိမ်းရန်နှင့် ကယ်လိုရီမြင့်မားပြီး ပရိုတင်းဓာတ်ကြွယ်ဝသောအစားအစာများကို စားသုံးသင့်သည်။ ကုသမှုခံယူနေသော ကင်ဆာဝေဒနာရှင်တစ်ဦးချင်းစီအတွက် အစားအစာရွေးချယ်မှုသည် ကျန်းမာသောလူအများစားသုံးလေ့ရှိသည့် အစားအစာများနှင့် အလွန်ကွာခြားနိုင်သည်။ အဓိကရည်ရွယ်ချက်မှာ ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းရန် လိုအပ်ပါသည်။

တချို့သောအစားအစာများသည် တစ်သျှူးများကို ပြန်လည်တည်ဆောက်ရန်၊ ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန်နှင့် စွမ်းအင်ထိန်းသိမ်းရန် အထောက်အကူပေးနိုင်သည်။ တခြားတစ်ဖက်တွင် တချို့သော အစားအစာများသည် ပျို့အန်ခြင်းကို ပိုဆိုးစေနိုင်ခြင်း၊ အစာချေဖျက်မှုအားနည်းခြင်းနှင့် ရောဂါပိုးကူးစက်နိုင်ခြေကိုတိုးမြင့်စေနိုင်သည်။ ကင်ဆာရောဂါရှိသူများသည် နေမကောင်းဖြစ်နိုင်သလို၊ အစာမစားချင်သလို ခံစားရတတ်သော်လည်း အာဟာရကို မှန်ကန်စွာ ဂရုတစိုက်စားသောက်ခြင်းဖြင့် ပြန်လည်ကောင်းမွန်လာရန် အထောက်အကူပြုနိုင်ပါသည်။ အနာကျက်စေရန်နှင့် ကုသမှုဘေးထွက်ဆိုးကျိုးများကို ရှောင်ကြဉ်ရန် ပရိုတင်း၊ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် အစေ့အဆန်များကို စားသောက်ရန်လိုအပ်ပါသည်။ ကိုယ်ခံအားစနစ်နှင့် အစာခြေကျန်းမာရေးကို ကာကွယ်ရန် အဆီများသောအကြော်၊ အစိမ်းစားခြင်းနှင့် အလွန်ပြုပြင်ထားသောအစားအစာများကို ကန့်သတ်စားသောက်ရန် အရေးကြီးပါသည်။

**ကင်ဆာကုသစဉ် စားသုံးရန်**
**သင့်လျော်သောအစားအစာများ**

အာဟာရပြည့်ဝသောအစားအစာများကို မျှတစွာစားသောက်ခြင်းသည် ကင်ဆာကုသမှုခံယူနေစဉ်နှင့် ကုသမှုအပြီးတွင် ပြန်လည်နာလန်ထူလာစေရန် အစွမ်းထက်သော အခန်းကဏ္ဍမှပါဝင်ပါသည်။ ခန္ဓာကိုယ်အတွက် အစားအစာကို ဂရုတစိုက်စားသောက်ခြင်းသည် စွမ်းအင်ပမာဏကိုမြှင့်တင်ပေးကာ ခန္ဓာကိုယ်ပိုမိုအားကောင်းလာစေရန် ကူညီပေးနိုင်ပြီး ကိုယ်ခံအားစနစ်ကို ထောက်ပံ့ပေးနိုင်ပါသည်။ ကုသမှု၏ဘေးထွက်ဆိုးကျိုးများကိုလည်း လျှော့ချပေးနိုင်သည်။

**ပရိုတင်းကို**
**အာရုံစိုက်စားသောက်ခြင်း**

ကင်ဆာကုသနေစဉ်အတွင်း ခန္ဓာကိုယ်အတွက် ပိုမိုလိုအပ်သောအရေးကြီးဆုံး အာဟာရတစ်ခုမှာ ပရိုတင်းဖြစ်သည်။ ကုသမှုခံယူစဉ်အတွင်း ခန္ဓာကိုယ်တွင် ပျက်စီးသွားသော တစ်သျှူးများကိုပြန်လည်ပြုပြင်ရာတွင် ပရိုတင်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်ပြီး ကြွက်သားကြံ့ခိုင်မှုနှင့်စွမ်းအင်ထိန်းသိမ်းရန် ကူညီပေးသည်။ နေ့စဉ်စားသုံးသော အစားအစာများတွင် ပရိုတင်းဓာတ်ကြွယ်ဝသော အစားအစာများပါဝင်အောင် စားသုံးခြင်းသည် အနာကျက်စေရန်နှင့်ကြာရှည်စွာ အားပြည့်နေစေရန် ပံ့ပိုးကူညီပေးနိုင်သည်။ ငါး၊ အရေခွံမပါသော ကြက်သား၊ ဥများ၊ ဒိန်ချဉ်၊ ပဲဟင်းနှင့်တိုဟူးကဲ့သို့သော အစားအစာများသည် ခန္ဓာကိုယ်ပရိုတင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ပရိုတင်းဓာတ်ကို အလုံအလောက်စားခြင်းဖြင့် ကုသမှုခံယူပြီးနောက် ခန္ဓာကိုယ်ပြန်လည်ကောင်းမွန်လာနိုင်သဖြင့် အစားအစာတိုင်းတွင် ပရိုတင်းအရင်းအမြစ် အနည်းဆုံးတစ်ခုပါဝင်အောင် စားသောက်ရန်လိုအပ်သည်။

**အသီးအနှံနှင့်ဟင်းသီးဟင်းရွက်**
**အမျိုးမျိုးစားသုံးခြင်း**

အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သဖြင့် ကင်ဆာကုသမှုမှပြန်လည်ကောင်းမွန်လာစေရန် မရှိမဖြစ်လိုအပ်ပါသည်။ နေ့စဉ်အစားအစာများတွင် အသီးအနှံနှင့်ဟင်းသီးဟင်းရွက်အရောင်မျိုးစုံပါဝင်စေခြင်းသည် မတူညီသော ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်။ ခုခံအားစနစ်အားနည်းနေချိန်တွင် အစာခြေလွယ်ရန်နှင့် ဗက်တီးရီးယားပိုးမွှားကူးစက်မှု အန္တရာယ်ကို လျှော့ချရန် ကောင်းစွာချက်ပြုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို သန့်စင်စွာဆေးကြောစားသုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။

**စွမ်းအင်အတွက် အစေ့အဆန်များကို**
**ရွေးချယ်စားသုံးခြင်း**

ဆန်လုံးညို၊ အုတ်ဂျုံနှင့်ဂျုံလုံးပေါင်မုန့်ကဲ့သို့သော အစေ့အဆန်များသည် စွမ်းအင်ကို ကြာရှည်စွာဖြည့်ဆည်းပေးနိုင်သည်။ အမျှင်ဓာတ်ကိုပေးစွမ်းနိုင်သဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အစာခြေစနစ်ကို ထောက်ပံ့ပေးပြီး ဝမ်းချုပ်ခြင်းမှကာကွယ်ရန်ကူညီပေးသည့်အပြင် တချို့သော ကင်ဆာကုသမှုများ၏ ဘေးထွက်ဆိုးကျိုးများကိုလည်း သက်သာစေနိုင်ပါသည်။

**လျှော့ချစားသုံးရန်နှင့်ရှောင်ကြဉ်ရန်**
**လိုအပ်သောအစားအစာများ**

ခန္ဓာကိုယ်ကို ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများဖြင့် အာဟာရဖြည့်ပေးခြင်းသည် အရေးကြီးသကဲ့သို့ တချို့သောအစားအစာများကို ရှောင်ကြဉ်ရန်လည်း အရေးကြီးသည်။ အထူးသဖြင့် ကင်ဆာကုသမှုခံယူနေစဉ် အစာမကြေဖြစ်နိုင်သဖြင့် စွမ်းအင်လျော့နည်းသွားပြီး ကိုယ်ခံအားစနစ် ထိခိုက်စေနိုင်သောကြောင့် သတိထားရမည့် အဓိကအစားအစာအမျိုးအစားသုံးမျိုးရှိပါသည်။

**အဆီများသောအစားအစာများနှင့်**
**ကြော်ထားသောသရေစာများ**

အဆီများသော အစားအစာများနှင့် အာလူးချောင်းကြော်၊ ကြက်ကြော်ကဲ့သို့ ဆီဖြင့်ကြော်သော အစားအစာများသည် အစာအိမ်တွင် အစာကြေရန်ခက်ခဲနိုင်သောကြောင့် ပျို့ခြင်း၊ အက်စစ်ပြန်တက်ခြင်း၊ အထူးသဖြင့် အစာစားချင်စိတ်လျော့နည်းခြင်းဖြစ်နိုင်သည်။ ဆီဖြင့်ကြော်ထားသောအစားအစာများသည် အစာချေဖျက်မှုကိုနှေးကွေးစေပြီး ဗိုက်အောင့်စေနိုင်သည်။ ကင်ဆာကုသမှုခံယူနေစဉ်အတွင်း အစာခြေစနစ်သည် ပိုမိုထိခိုက်လွယ်သောကြောင့် မီးဖုတ်ခြင်း၊ ကင်ခြင်း၊

> **"အာဟာရပြည့်ဝသောအစားအစာများကို မျှတစွာစားသောက်ခြင်းသည် ကင်ဆာကုသမှုခံယူနေစဉ်နှင့် ကုသမှုအပြီးတွင် ပြန်လည်နာလန်ထူလာစေရန် အစွမ်းထက်သော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ခန္ဓာကိုယ်အတွက် အစားအစာကိုဂရုတစိုက် စားသောက်ခြင်းသည် စွမ်းအင်ပမာဏကိုမြှင့်တင်ပေးကာ ခန္ဓာကိုယ်ပိုမိုအားကောင်းလာစေရန် ကူညီပေးနိုင်ပြီး ကိုယ်ခံအားစနစ်ကိုထောက်ပံ့ပေးနိုင်ပါသည်။ ကုသမှု၏ဘေးထွက်ဆိုးကျိုးများကိုလည်း လျှော့ချပေးနိုင် . . ."**

ပြုတ်ခြင်း သို့မဟုတ် ပေါင်းခြင်း စသည့် အစားအသောက်ပုံစံမျိုးကို ရွေးချယ်ခြင်းက ပိုကောင်းသည်။

**အစိမ်း သို့မဟုတ် မချက်ပြုတ်**
**ရသေးသောအစားအစာများ**

ဆူရှီ၊ အသားစိမ်းများ၊ မကျက်သေးသောဥ၊ အပင်ပေါက်များ အစိမ်းလိုက်စားသုံးခြင်းနှင့် မသန့်စင်ထားသောနို့ သို့မဟုတ် ဒိန်ခဲကဲ့သို့သော အစားအစာများသည် အစာကြောင့်ဖြစ်သောရောဂါဖြစ်နိုင်ခြေပိုများသည်။ ကင်ဆာဓာတုကုထုံး သို့မဟုတ် ဓာတ်ရောင်ခြည်ကုသမှုခံယူနေသူတစ်ဦးအတွက် ခုခံအားစနစ်အားနည်းခြင်းကြောင့် အစားအစာများမှ အပျော့စားရောဂါပိုး ဝင်ခြင်းသည်ပင် ပြင်းထန်နိုင်သည်။ တိရစ္ဆာန်ထွက်ပစ္စည်းအားလုံးကို သေချာစွာချက်ပြုတ်စားသောက်ရန်နှင့် အသီးအနှံများနှင့်ဟင်းသီးဟင်းရွက်များကို ကောင်းမွန်စွာဆေးကြော၊ ချက်ပြုတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

**အလွန်ပြုပြင်ထားသော**
**အစားအစာများ**

ပြုပြင်ထားသောအသားများ (ဝက်အူချောင်း၊ ဘေကွန်)၊ သကြားပါသော စီရီရယ်များ၊ ထုပ်ပိုးထားသောချိစ်များ၊ ကွတ်ကီးများ၊ ဆော်ဒါများနှင့်အေးခဲထားသော အစားအစာများကဲ့သို့သော ပစ္စည်းများပါဝင်သည်။ အဆိုပါထုတ်ကုန်များတွင် သကြား၊ ဆိုဒီယမ်၊ တာရှည်ခံပစ္စည်းများနှင့် ကျန်းမာရေးနှင့်မညီညွတ်သော အဆီများ မြင့်မားစွာပါဝင်နေတတ်သည်။ အလွန်ပြုပြင်ထားသောအစားအစာများသည် အာဟာရတန်ဖိုးအနည်းငယ်ကိုသာ ပေးနိုင်ပြီး ရောင်ရမ်းခြင်း၊ သွေးတွင်းသကြားဓာတ်တိုးမြင့်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ပြန်လည်ကောင်းမွန်လာစေရန်လည်း အနှောင့်အယှက်ဖြစ်စေနိုင်သည်။

**ကင်ဆာကုသနေစဉ်အတွင်း**
**အစားစားခြင်းအတွက် အထောက်**
**အကူဖြစ်စေမည့်အကြံပြုချက်များ**

ကင်ဆာကုသမှုခံယူစဉ်တွင် အစာစားချင်စိတ်လျော့နည်းခြင်း သို့မဟုတ် ပျို့အန်ခြင်းတို့ကိုခံစားနေရပါက ပမာဏနည်းသောအစားအစာများကို မကြာခဏစားသုံးခြင်းနှင့် အဆာပြေအစားအစာများကိုစားသုံးရန် ကြိုးစားသင့်ပါသည်။ ရေဓာတ်ပြည့်ဝနေရန် မရှိမဖြစ်လိုအပ်သဖြင့် ရေများများသောက်ပါ၊ ဆေးဖက်ဝင်လက်ဖက်ရည်နှင့် ဟင်းရည်ကြည်များများသောက်ပါ။ ဖျော်ရည်များ၊ ဟင်းချိုများနှင့်ပျော့ပျောင်း၍ အာဟာရကြွယ်ဝသောသရေစာများကိုရွေးချယ်နိုင်သည်။ ပါးစပ်နာခြင်း သို့မဟုတ် ခံတွင်းအရသာပျက်ခြင်းတို့ကိုခံစားရပါက အအေးနှင့် ပျော့ပျောင်းသော အစားအစာများသည် ပူပူနွေးနွေး သို့မဟုတ် စပ်သောဟင်းများထက် စားသုံးရန်ပိုအဆင်ပြေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကင်ဆာကုသနေစဉ် တွေ့ကြုံရသောခံစားရမှုများမှာ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်သောကြောင့် လူတစ်ဦးစီ၏ ခန္ဓာကိုယ်တွင်ခံစားရမှုများအပေါ်မူတည်၍ အစားအစာကိုလိုအပ်သလို ချိန်ညှိစားသုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။ အစားစားခြင်းနှင့်ပတ်သက်၍ စိတ်ဖိစီးမှုမဖြစ်စေသင့်ဘဲ ကင်ဆာကုထုံးများကို ကောင်းမွန်စွာကုသမှုခံယူနိုင်ရန် အထောက်အကူဖြစ်စေသည့် ကောင်းမွန်သော အစားအစာများကို ရွေးချယ်စားသုံးခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# ကသာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲများကျင်းပ

ကသာ စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ပိုစတာနှင့်ပန်းချီပြိုင်ပွဲများကို စက်တင်ဘာလ ၁၄ ရက်တွင် ကျင်းပသည်။

အဆိုပါပိုစတာပြိုင်ပွဲ၌ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်တို့တွင် အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြိုင်ပွဲသို့ ကသာမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၃ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသည့်ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကျင်းပ




**တောင်ကြီး စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်မှ ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီက ဖတ်ကြားကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပေးပို့လာသည့် Video Clip ကို ပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ရှမ်းပြည်နယ် ကြက်ခြေနီအသင်းများ၏ ဘက်စုံစွမ်းဆောင်ရည်ဆု၊ အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစွမ်းဆောင်ရည်ဆု၊ သွေးလှူရှင်စုဆောင်းခြင်းနှင့် သွေးလှူဒါန်းခြင်းလုပ်ငန်းစွမ်းဆောင်ရည်ဆု၊ သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုစွမ်းဆောင်ရည်ဆု၊ ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီ ဂုဏ်ပြုဆုရရှိသူခြောက်ဦး၊ ရှေးဦးပြုစုခြင်းပညာပြန့်ပွားရေးစွမ်းဆောင်ရည်ဆု၊ လူမှုကရုဏာလုပ်ငန်းများအတွက် လှူဒါန်းသည့် အလှူရှင်များ၊ လျှော်ဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးလုပ်ငန်းတွင်ပါဝင်ကူညီခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ပြခန်းခင်းကျင်းပြသသည့် လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း၊ အရေးပေါ်အခြေအနေတွင် ကျန်းမာရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိလာစေရန် တည်ဆောက်ခြင်းစီမံကိန်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီစေရေး စီမံကိန်း၊ ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၊ စီမံချက်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မှတ်တမ်းဓာတ်ပုံများ Video Clip ကို တင်ဆက်ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

(၄၀၅)

# မိုးစပါးစိုက်တောင်သူများအား ဓာတ်မြေသြဇာသွင်းအားစုများ ဖြန့်ဖြူးရောင်းချ

**ရမည်းသင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရမည်းသင်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် ဓာတ်မြေသြဇာသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် စက်တင်ဘာလ ၁၃ ရက်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့်ဓာတ်မြေသြဇာသွင်းအားစု ဖြန့်ဖြူးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ တောင်သူ ၁၄၂၈ ဦးထံသို့ ယူရီးယားဓာတ်မြေသြဇာ ၄၁၂၀ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာ ၄၁၂၅ အိတ်တို့အား သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ရှိသူများသည် ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးအတွက် လိုအပ်သော ဓာတ်မြေသြဇာသွင်းအားစုများအား သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဇင်မာ

# ကန့်ဘလူခရိုင်၌ ကုလားပဲသီးနှံ ၇၃၂၈ ဧကစိုက်ပျိုးမည်

**ကန့်ဘလူ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၇၃၂၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးချိန်တွင် ကန့်ဘလူခရိုင်၌ ကုလားပဲသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်၌ ၇၀၈၉ ဧကနှင့် ကျွန်းလှမြို့နယ်၌ ၂၃၉ ဧက စုစုပေါင်း ၇၃၂၈ ဧကတို့ဖြစ်သည်။

"လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲမျိုးစုံစိုက်ပျိုးချိန်၌ ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာ အသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## အဆန်လမ်းတွင် အောင်ပန်းဆင်

❖ လေဟုန်ကိုဆန်၊ ကောင်းကင်ယံတွင်း
ပျံသန်းရင်းဖြင့်၊ ဖြိုခွင်းဆီးတား
ကျော်ဖြတ်သွားလျက်၊ လိုလားပန်းတိုင်
လှမ်းလှမ်းနိုင်ပြီး၊ မယိုင်မလဲ
ခိုင်ခိုင်မြဲသို့၊ ကြိတ်ခဲမာန်တင်း
အောင်မြင်ခြင်းရောက်၊ ခရီးပေါက်ခဲ့။

❖ ရေစုန်ကိုဆန်၊ ရေစီးသန်လည်း
လှိုင်းဒဏ်ကိုခွင်း၊ ဆန်တက်ရင်းဖြင့်
မာန်တင်းလို့သွား၊ ရေလုပ်သားတို့
လုပ်အားဆောင်ပြ၊ သူ့လုံ့လကြောင့်
အောင်ရစဉ်မြဲ၊ အောင်မြင်မြဲတည့်။

❖ ခြေကျင်ကုန်းလမ်း၊ ခရီးကြမ်းစေ
ရည်မှန်းပန်းတိုင်၊ လှမ်းလှမ်းနိုင်ရေး
မြဲခိုင်စိတ်ဓာတ်၊ အားခွန်ထပ်လျက်
မပြတ်ကြိုးစား၊ ခရီးသွားလည်း
မနားမနေ၊ စွမ်းဆောင်လေ၍
အောင်စေအောင်ပန်း၊ ဆွတ်ခြေလှမ်း၏။

❖ လူ့ဘဝထံ၊ ရောက်ခဲ့ပြန်သော်
လေထန်လှိုင်းကြီး၊ တစ်ကိုယ်တည်းလည်း
ကာဆီးတောတောင်၊ လုံ့ဝမှောင်စေ
လင်းရောင်ကိုမှန်း၊ သတ္တိစွမ်းဖြင့်
တတ်ကျွမ်းပညာ၊ လုံ့လပါပြီး
ဖွဲ့မှာကောင်းကောင်း၊
အားဖြည့်လောင်းသော်
အောင်ကြောင်းအစဉ် မြဲအောင်မြင်။
အဆန်လမ်းတွင် ကူးခပ်နှင့်။
ဘဝလမ်းတွင် အောင်ပွဲဆင်။ ။

**ရွှေညာမြေမြတ်သင်းကြိုင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၀:၀၀ | မွေးမြူသုတ |
| ၅။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၆။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၇။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၈။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၀။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၄)** |
| ၁၁။ | ည ၈ နာရီ သတင်း အပြီး | အမျိုးသားရေးတေးကဗျာ |
| ၁၂။ | | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၁၃။ | | တရားတော် |

## MWD Variety Channel

၁၅-၉-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၄၅ | Countries of the World |
| ၃။ | ၁၁:၃၀ | လူငယ်များရဲ့စွမ်းပကားနိုင်ငံတော်ရဲ့အား |
| ၄။ | ၁၂:၄၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၅။ | ၁၄:၂၅ | သတိမမူ ဂူမမြင် |
| ၆။ | ၁၇:၄၀ | ပရိသတ်အတွက် ကဗျာလက်ဆောင် |

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ကြက်သွန်နီ ၁၁၂၅ ဧကနဲ့ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပြီး တောင်သူတွေကို အထွက်နှုန်းတိုးတက်စေဖို့နဲ့ စားသုံးသူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) စနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးနည်းပညာပေးတာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးမှာပါ"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်စေရေး၊ အစားအစာဘေးကင်းလုံခြုံသော အရည်အသွေးကောင်းကြက်သွန်များ စိုက်ပျိုးထွက်ရှိရေး စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲများနှင့် စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်းအပြင် ပိုးမွှားရောဂါမကျရောက်စေရန် ကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူစားဖိုဆောင်သီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ထန်းတပင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန်နှင့် စာပေဗဟုသုတများတိုးပွားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ(သဲဖြူ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထွေးနှင့် အထက်တန်းပြဆရာမ ဒေါ်မိုးဖြူဖြူသော်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူ ငါးဦးက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြကာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာများရှိ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ယူရီးယားဓာတ်မြေသြဇာများဖြန့်ဖြူး

ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ခရိုင်အဆင့် ယူရီးယားဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်း ကျေးရွာများရှိ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ယူရီးယားဓာတ်မြေသြဇာများကို စက်တင်ဘာလ ၁၄ ရက်တွင် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အဆင့် ယူရီးယားဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မိုးစပါးစိုက်တောင်သူများ သက်သာသောဈေးနှုန်းဖြင့် သွင်းအားစုများသုံးစွဲနိုင်ရေး သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန်အပြင် တောင်သူများ အဓိကလိုအပ်သော သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ မိုးစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လိုအပ်သည့်မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မိုးစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများကို ဖြန့်ဖြူးရောင်းချပေးသည်။

ညောင်ဦးခရိုင်အတွင်း ခရိုင်/မြို့နယ်အဆင့် ယူရီးယားဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သီးနှံပေါ်ပေးစနစ်ဖြင့် လက်ရှိအချိန်ထိ ကျေးရွာ ၁၆ ရွာရှိ မိုးစပါးစိုက်တောင်သူ ၅၇၂ ဦးထံ ယူရီးယားဓာတ်မြေသြဇာ ၁၂၆၄ အိတ်နှင့် ကွန်ပေါင်း ၅၇၆ အိတ်ကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်မည်

မိတ္ထီလာ စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အပိုင်းနှစ်ပိုင်းဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ပထမပိုင်းတွင် ကျေးရွာခုနစ်ရွာနှင့် ဒုတိယပိုင်းတွင် ကျေးရွာခုနစ်ရွာ စုစုပေါင်းကျေးရွာ ၁၄ ရွာ၌ ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်းပထမပိုင်းအနေဖြင့် မိတ္ထီလာမြို့နယ်၌ ကျေးရွာသုံးရွာ၊ သာစည်မြို့နယ်၌ ကျေးရွာနှစ်ရွာ၊ ဝမ်းတွင်းမြို့နယ်၌ ကျေးရွာတစ်ရွာနှင့် မလှိုင်မြို့နယ်၌ ကျေးရွာတစ်ရွာ စုစုပေါင်း ကျေးရွာခုနစ်ရွာ၌ ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိတွင် ကျေးရွာခြောက်ရွာ၌ VDP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကာ ကျန်ကျေးရွာတစ်ရွာ၌ ဆောင်ရွက်နေဆဲဖြစ်သည်။ ထို့အတူ စီမံကိန်းဒုတိယပိုင်းအနေဖြင့် မိတ္ထီလာမြို့နယ်၌ ကျေးရွာသုံးရွာ၊ သာစည်မြို့နယ်၌ ကျေးရွာနှစ်ရွာ၊ ဝမ်းတွင်းမြို့နယ်၌ ကျေးရွာတစ်ရွာနှင့် မလှိုင်မြို့နယ်၌ ကျေးရွာတစ်ရွာ စုစုပေါင်း ကျေးရွာခုနစ်ရွာ၌ ဆောင်ရွက်မည်ဖြစ်သည်။

"ဒီဘဏ္ဍာနှစ်မှာ မိတ္ထီလာခရိုင်အတွင်း VDP စီမံကိန်းဆောင်ရွက်ရာမှာ ကျေးရွာအများစုက ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ကြပါတယ်။ ဒါ့ပြင် တွင်းတိမ်ကထွက်ရှိတဲ့ရေကိုဆိုလာနဲ့ ရေသန့်စင်တဲ့စနစ်တွေကိုလည်း တပ်ဆင်ဆောင်ရွက်ကြတယ်။ VDP စီမံကိန်းအတွက် နိုင်ငံတော်က ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၁၅၀ နှုန်း ပေးအပ်ပြီး ကျေးရွာနေပြည်သူတွေက ၃၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ကြပါတယ်" ဟု မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းကပြောသည်။

မိတ္ထီလာခရိုင်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်နိုင်စေရန် အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သိရသည်။

**ဆောင်းဦး**

# ပြည့်ကျိုးမျှော်ရည်ရှေ့သို့ချီ နိုင်ငံသစ်ဆီတို့ဦးတည်

ရတနာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်မှာ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ ရှစ်ရက်တာကာလမျှ ကြာမြင့်ခဲ့သည်။

ခရီးစဉ်ပထမပိုင်းအနေဖြင့် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းထိ တီယန်ကျင်းမြို့တွင်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အပါအဝင် တက်ရောက်လာသည့် အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲများဆောင်ရွက်ခြင်း၊ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းနှင့် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်လေ့လာခြင်းတို့ကို မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ခရီးစဉ်ဒုတိယပိုင်းမှာ စက်တင်ဘာလ ၂ ရက်မှ ၄ ရက် နံနက်ပိုင်းအချိန်ထိဖြစ်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုမျှတိုတောင်းသောအချိန်ကာလအတွင်းမှာပင် Tian'anmen ရင်ပြင်၌ကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခြင်းအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယသမ္မတနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးခြင်းနှင့် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြသည်။

အလုပ်သဘောခရီးစဉ်၏ တတိယပိုင်းအဖြစ် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့ Taiping International Airport သို့ရောက်ရှိကြသည်။ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။

ကြည်လင်သောကောင်းကင်သည် ညက်ညက်မှုန်၍ ပြာပြာလွင်လွင် စင်ကြယ်တောက်ပလျက်ရှိသည်။ ဟာပင်းမြို့၏ နှင်းငွေ့ပါသောလေပြည်တစ်သုတ်က ကော်ဇောနီလျှောက်လမ်းတစ်လျှောက်ဝေ့ဝဲလိုက်ပါလျက် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ငြိမ်းချမ်းအေးမြစွာဆီးကြိုနေဘိသို့...။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ခရီးစဉ်ပထမပိုင်းနှင့် ဒုတိယပိုင်းတို့တွင် ငါးရက်တာမျှ လုပ်ငန်းတာဝန်များကို ဆက်တိုက်ဆိုသလို မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ပင်ပန်းနွမ်းနယ်ဟန်မရှိ၊ အားလုံးမှာ တက်ကြွလန်းဆန်းလျက်ပင်။

ဟာပင်းမြို့ကို အေးလွန်းလှသဖြင့် လေထဲကိုရေပက်လိုက်လျှင်ပင် ရေခဲဖြစ်သွားသည့်မြို့ဟု တင်စား၍ ဆိုကြသည်။ ထိုသို့ "ရေခဲမြို့တော်"ဟုလည်း အမည်တွင်သည့် ဟာပင်းမြို့သည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဟေလုံကျန်းပြည်နယ်၏မြို့တော်ဖြစ်သည်။ လူဦးရေငါးသန်းကျော် မှီတင်းနေထိုင်လျက်ရှိသည့် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီမြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ရုရှား-ဂျပန် စစ်ပွဲအတွင်းက စစ်စခန်းမြို့အဖြစ် စတင်ထင်ရှားလာရာမှ ယခုအခါ တရုတ်နိုင်ငံအရှေ့မြောက်ဒေသအတွင်းနှင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးတွင် ဗဟိုချက်ကျသောမြို့အဖြစ် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ဟာပင်းမြို့၏ ရေခဲနှင်းပွဲတော် (Harbin Ice and Snow Festival ) သည် ကမ္ဘာကျော်ပွဲတော်ကြီးဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို နှစ်စဉ် ဇန်နဝါရီလ ၅ ရက်တွင် စတင်ကျင်းပလေ့ရှိသည်။ နှစ်လကျော်မျှကြာမြင့်လေ့ရှိသည့် အဆိုပါရေခဲနှင်းပွဲတော်မှာ ကမ္ဘာ့အကြာဆုံးနှင့် ပျော်ရွှင်စရာအကောင်းဆုံး နှင်းပွဲတော်လည်းဖြစ်သည်။ စတုရန်းမီတာ ၆၀၀၀၀၀ ကျယ်ဝန်းသော နတ်သမီးနယ်မြေထဲတွင် အနုပညာမြောက် နှင်းပန်းပုလက်ရာများကို ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်သည်။

ပွဲတော်အတွက်လိုအပ်သောရေခဲများကို ဟာပင်းမြို့ရှိ ဆုန့်ဟွာမြစ်မှ ခုတ်ယူထားခြင်းဖြစ်သည်။ ဟာပင်းရေခဲပြင်နှင့် နှင်းကမ္ဘာတည်ဆောက်မှုအတွက် စုစုပေါင်းကုဗမီတာတစ်သိန်းရှိ ရေခဲတုံးများကို အသုံးပြုထားခြင်းဖြစ်သည်။ လူလုပ်ရေခဲတုံးများတွင် လေပူဖောင်းများပါဝင်ပြီး ထွင်းထုရန်လုံလောက်သော ခိုင်ခံ့မှုမရှိသဖြင့် ဟာပင်းမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် အေးခဲနေသော ဆုန့်ဟွာမြစ်မှ ယူဆောင်ကြရခြင်းဖြစ်သည်။

ဟာပင်းရေခဲနှင်းကမ္ဘာ (Harbin Ice and Snow World) မှာ ကမ္ဘာလှည့်ခရီးသွားများ အထူးနှစ်ခြိုက်သောနေရာဖြစ်သည်။ ၎င်းနေရာတွင် နှင်းရေခဲတို့ဖြင့်ပြုလုပ်ထားသည့် ရဲတိုက်ကြီးများ၊ ကာတွန်းဇာတ်ကောင်ရုပ်တုများကို အနုပညာမြောက်စွာ ခံစားကြည့်ရှုနိုင်သည်။ အေးမြသောနှင်းနှင့် ကြွကြွခံသော ရေခဲတုံးကြီးများမှာ အံ့ဖွယ်လက်မှုပညာရှင်များ၏အစွမ်းဖြင့် အသက်ဝင်လျက်ရှိသည်။ ရင်သပ်ရှုမောဖွယ်သက်ဝင်လှုပနေသော ရေခဲပန်းပုလက်ရာများဟု ညွှန်းဆိုရမည်ဖြစ်သည်။ ကမ္ဘာ့အမျိုးအစားအစုံလင်ဆုံး နှင်းကစားနည်းများကိုလည်း ပါဝင်ဆင်နွှဲနိုင်သည်။ ထို့ပြင် ဆန်းကျွန်း (Sun Island) တွင် ရေခဲနှင်းရုပ်တုပြပွဲများနှင့် ကျိုလင်ပန်းခြံ (ZhaoLin Park)တွင် ရေခဲမီးအိမ်ပြပွဲများကိုလည်း ကျင်းပလေ့ရှိသည်။

နှင်းလှည့်လည်ခရီးသွားခြင်းနှင့် နှင်းလျှောစီးအတွေ့အကြုံများအတွက်ရေခဲနှင်းပွဲတော်ကိုခံစားရင်း နှင်းလျှောစီးဝါသနာပါသူများအတွက် ယဘူလီနှင်းလျှောစီးစခန်း (Yabuli Ski Resort) နှင့် ကျီဟွာနှင်းလျှောစီးစခန်း (Jihua Ski Resort) တို့က အသင့်စောင့်ကြိုနေပါလိမ့်မည်။

မြို့၏ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များအနေဖြင့် ရှေးဟောင်းရပ်ကွက် (Old Quarter)၊ စိန့်ဆိုဖီဘုရားကျောင်း (St. Sophia Cathedral)၊ ဗဟိုလမ်းမကြီး (Central Avenue)၊ စတာလင်ပန်းခြံ (Stalin Park) စသည်တို့တွင် အံ့မခန်းသောဗိသုကာလက်ရာများကို လှည့်လည်ကြည့်ရှုနိုင်သည်။ ရုရှား၊ ဥရောပနှင့် ဂျပန်တို့၏ လူနေမှုပုံစံများကိုလည်း မတူကွဲပြားစွာခံစားနိုင်သည်။ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် တစ်နှစ်အတွင်းမှာပင် ခရီးသွားဧည့်သည် ၁၇၉ သန်းထိ ဝင်ရောက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခရီးသွားနေရာအဖြစ် ထင်ရှားကျော်ကြားလျက်ရှိခြင်းဖြစ်သည်။

ဆိုရလျှင် စိတ်ဝင်စားဖွယ်ရာများနှင့် ပြည့်နှက်နေသော ဟာပင်းမြို့ပင်ဖြစ်ပါ၏။

ထို့ပြင် မြို့၏ကြွယ်ဝလှသော ရေခဲနှင့်ဆီးနှင်းအရင်းအမြစ်များက ဟာပင်းမြို့နှင့် ဆောင်းရာသီအားကစားသမိုင်းကြောင်းများကို ကောင်းမွန်စွာဆက်စပ်ပေးလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ၉ ကြိမ်မြောက် အာရှဆောင်းရာသီအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာ လက်ခံကျင်းပပေးနိုင်ခဲ့သည်မှာ ဟာပင်းမြို့၏ မမေ့နိုင်ဖွယ်ရာ အမှတ်တရနေ့ရက်များပင်ဖြစ်သည်။




နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးရောက်မဆိုက်မှာပင် Harbin Institute of Technology သို့သွားရောက်၍ ကြည့်ရှုလေ့လာကြသည်။ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အာကာသပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မစ်ဇိုင်းများထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများသုတေသနပြုတီထွင်ထုတ်လုပ်ခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ချူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကဏ္ဍအလိုက်ဂြိုဟ်တုများ တီထွင်ထုတ်လုပ်လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာအောင်မြင်မှုများ၊ လကမ္ဘာသို့ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှပေါ်ထွန်းခဲ့သည့် အာကာသပညာရှင်များပြခန်းတို့ကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာကြသည်။ Harbin Institute of Technology နှင့် မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာနည်းပညာများ မျှဝေနိုင်မှုနှင့်ပတ်သက်၍လည်း အလေးထားဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၁၂ သို့** ❑

❑ စာမျက်နှာ ၁၁ မှအဆက်

လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝတိုးတက်မြင့်မားစေရေးမှသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထိ အဓိပ္ပာယ်ထင်ဟပ်ပေါ်လွင်နေသော တရုတ်စကားပုံများကို သတိပြုမိသည်။ "ခြေလှမ်းတစ်သောင်းသွားလိုလျှင် ခြေတစ်လှမ်းကအစပြုပါ"၊ "ဖြည်းဖြည်းချင်းလျှောက်လှမ်းရမှာထက် ရပ်နေမိမှာကိုသာကြောက်ပါ" စသည်ဖြင့် ဖြစ်၏။ မှန်ပါသည်။ ခြေတစ်လှမ်းမျှ မလှမ်းသူသည် အဘယ်မှာလျှင် ခရီးတွင်ပါမည်နည်း။ ရပ်နေသူသည် အဘယ်မှာလျှင် ခရီးရောက်ပါမည်နည်း။

နိုင်ငံတော်အကြီးအကဲဟူသည် ရှေ့ဆောင်လမ်းပြသူဖြစ်သည်။ ပညာရေးကို အထူးအားပေးသူဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ အကျိုးစီးပွားအတွက် တစ်ရံမလပ်ခရီးနှင်နေသူဖြစ်သည်။ တစ်လှမ်းမကသော ခြေလှမ်းများကို ဆက်ကာဆက်ကာ လှမ်းနေသူဖြစ်သည်။ မျိုးစေ့ကောင်းများစွာကို ကြဲပက်စိုက်ပျိုးနေသူဖြစ်သည်။ ပန်းကိုလို၍ အပင်ကိုပျိုးနေခြင်းဖြစ်သည်။ မဝေးတော့သောအနာဂတ်တွင် ပွင့်သောပန်းတို့ မွှေးမြဝေစည်ပေတော့မည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အရာရာတွင် ပညာကဦးဆောင်လျက်ရှိသည်။ မည်သည့်ကဏ္ဍတွင်မဆို သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို အဓိကမောင်းနှင်အားအဖြစ် ကျင့်သုံးလျက်ရှိသည်။ ပညာရပ်ဆိုင်ရာလုပ်ငန်းစဉ်တို့မည်သည် ရပ်တန့်နေ၍မရ။ မိမိတို့၏ရှိရင်းစွဲအခြေခံကောင်းများကို ကြိုးစားမှုလုံ့လဥဿာဟဖြင့် ထပ်မံပေါင်းဖြည့်ရမည်ဖြစ်သည်။ ပညာရေးသည် သီးခြားကင်းလွတ်နေသည့် နယ်ပယ်တစ်ခုမဟုတ်ဘဲ လူ့အဖွဲ့အစည်းနှင့် ဆက်စပ်ယှဉ်တွဲစဉ်းစားရသည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် လက်တွေ့လုပ်ငန်းခွင်နယ်ပယ်နှင့် ပေါင်းစပ်၍ ရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးနိုင်ရမည်ဖြစ်သည်။ Harbin Institute of Technology သို့ သွားရောက်လေ့လာစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ စိတ်ဝင်တစားစူးစမ်းမေးမြန်းမှုများနှင့် လေ့လာဆွေးနွေးမှုများက ထိုသဘောကိုဖော်ညွှန်းနေသည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းတို့ဖြင့် အာရုံစူးစိုက်လျက်ရှိရာ အချိန်တို့မည်သို့မည်ပုံ ကုန်သွားသည်ကိုပင် သတိမထားမိလိုက်။ သို့နှင့်ညနေပိုင်းသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

ဟာပင်းမြို့၏ ရာသီဥတုမှာ ပေကျင်းမြို့မှာထက် အနည်းငယ်အအေးဓာတ်ပိုသည်ဟုခံစားရသည်။ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ အနားမယူနိုင်သေးဘဲ ရရှိလာသည့်အချိန်အတွင်း Harbin Electric Corporation သို့ ဆက်လက်သွားရောက်လေ့လာကြသည်။

ပြခန်းအတွင်းခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက်လိုအပ်သည့် ဂျင်နရေတာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းအခြေအနေများ၊ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။ စက်ရုံအတွင်း AI စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများထုတ်လုပ်နေမှုအခြေအနေများမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။



နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားမှုတို့အတွက် လျှပ်စစ်ဓာတ်အားသည် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်ပေါများကြွယ်ဝသော်လည်း လက်ရှိထုတ်ယူနိုင်မှုမှာ လွန်စွာနည်းပါးသည့်ပမာဏတွင် ရှိနေသည်။

နိုင်ငံတော်အကြီးအကဲက ခရီးစဉ်အတွင်း Harbin Electric Corporation သို့ သွားရောက်လေ့လာစဉ် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုပါ အမြော်အမြင်ကြီးစွာ မမေ့မလျော့ထည့်သွင်းဆွေးနွေးနိုင်ခဲ့သည်။

အချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလျက်ရှိသည်။ ဆောင်ရွက်ရမည့် လုပ်ငန်းအချိန်ဇယားတို့မှာ နံနက်မှသည် ညအထိ အကြားအလပ်မရှိ၊ ထို့အတူ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာလည်း အရပ်အနားမရှိ အားကြိုးမာန်တက်ဆောင်ရွက်နေကြသည်။

ညနေ ၅ နာရီခွဲတိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် ဟာပင်းမြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို ရှန်ဂရီလာဟိုတယ်သို့ သွားရောက်တွေ့ဆုံသည်။

ပညာသင်ကြားခြင်းဆိုသည်မှာ မိမိအတွက်၊ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေသောကိစ္စကောင်းတစ်ရပ်ဖြစ်သည်။ မိမိတို့ဘဝတိုးတက်ရေးနှင့် မိမိနိုင်ငံတိုးတက်ရေးဟူသော ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့် ပညာသင်ယူခွင့်ရသည့်အခိုက်တွင် အပတ်တကုတ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ကြားခွင့်ရခြင်းဆိုသည်မှာ လူတိုင်းရနိုင်သောအခြေအနေမျိုးမဟုတ်ပေ။ ပညာရပ်တစ်ခုတွင်အခြားသူများထက်ပိုမိုကြိုးစားအားထုတ်မှုရှိ၍သာ ဘက်ပေါင်းစုံစိစစ်ရွေးချယ်ခံပြီးမှ ပညာသင်ယူခွင့်ရရှိခြင်းဖြစ်သည်။ ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုအခွင့်အလမ်းကိုတန်ဖိုးထား၍ရောက်ရှိရာနေရာဌာနတိုင်းတွင် ပညာကိုကြိုးစားသင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်၏ပကတိအရှိတရားများနှင့် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ မိမိတို့ဘဝတိုးတက်မှုဆိုင်ရာ ကိုယ်စီပြုကျင့်ရမည့် အကြောင်းခြင်းရာများကိုလည်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေးနွေးထွေးထွေးမှာကြားခြင်းပြုသည်။ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။ ဤသို့ပြုမူခြင်းမှာ နိုင်ငံတော်အကြီးအကဲသည်အမိအဖသဖွယ်စိတ်ဓာတ်ဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားများကို ပြည်တွင်း၊ ပြည်ပမခြား အကြားအလပ်မရှိသောချစ်ခြင်းမေတ္တာဖြင့် တစ်ပြေးညီကြည့်ရှုစောင့်ရှောက်ခြင်းဟုလည်းဆိုနိုင်သည်။

လှပသောညနေဆည်းဆာသည် ဟာပင်းမြို့သို့ တိတ်တဆိတ်ချဉ်းကပ်လာပြီဖြစ်သည်။ ညဦးဦးလေပြည်သည် ရှေ့ပြေးတိုက်ခတ်လာ၏။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာကိုယ်ပိုင်အချိန်ဟူ၍မထား။ အဓိကအားဖြင့် ခရီးစဉ်တစ်လျှောက်လုံးတွင် ပြင်ဆင်ချိန်နှင့်လုပ်ငန်းဆောင်ရွက်ချိန်ဟူ၍သာရှိသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr. Xu Qin နှင့် ဆက်လက်တွေ့ဆုံသည်။ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍ၊ နည်းပညာဖလှယ်မှုနှင့် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍပေါင်းစုံတွင် မိမိတို့နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေစဉ်အတွင်း ရရှိသည့်အချိန်၊ ပေးလာသည့်အခွင့်အလမ်းတို့ကို မလွတ်တမ်းဆုပ်ကိုင်၍ နိုင်ငံတော်အကြီးအကဲများ၊ ဒေသဆိုင်ရာအကြီးအကဲများနှင့်အလေးအနက်ထား၍ ချစ်ကြည်ရင်းနှီးစွာတွေ့ဆုံဆွေးနွေးလေ့ရှိသည်။ ထိုဆွေးနွေးမှုများမှတစ်ဆင့် အမိနိုင်ငံအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးလျက်ရှိသည်ကိုလည်း အားတက်ဖွယ်တွေ့ရှိရသည်။

စက်တင်ဘာလ ၅ ရက် ခရီးစဉ်တတိယပိုင်းအစီအစဉ်ဖြစ်သည့် ဟာပင်းမြို့၏ ဒုတိယမြောက်နေ့ရက်ဖြစ်သည်။ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ နောက်တစ်နေ့အတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် အိပ်ရာဝင်နောက်ကျခဲ့ကြသော်လည်း လန်းဆန်းတက်ကြွစွာပင် နိုးထလာသည်။ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှုသရုပ်ပြပုံစံငယ်၊ ခေတ်မီဒစ်ဂျစ်တယ်လူမဲ့နည်းပညာဖြင့် AI စနစ်အသုံးပြု၍ စက်ယန္တရားများထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောမြေဩဇာများ၊ ပိုးသတ်ဆေးများကြဲပက်ခြင်းနှင့် မျိုးစေ့ကြဲပက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture မှ ထုတ်လုပ်သည့် အဆင့်မြင့်လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မည်သည့်စီးပွားရေးလုပ်ငန်းမဆို နည်းပညာကိုမြင့်မားစွာအသုံးပြုနိုင်မှုသည် အောင်မြင်မှု၏သော့ချက်ဖြစ်ရာ မြန်မာနိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အဆင့်မြင့်နည်းပညာများကို အသုံးပြုနိုင်ရမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်းဟူသောအချက်လေးချက်စလုံးတွင် ခေတ်မီနည်းပညာကို အသုံးပြုနိုင်ပါက သတ်မှတ်ထားသည့် အထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီစေမည်မှာ မလွဲကေန်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပခရီးစဉ်တိုင်းတွင် စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ အထူးအလေးအနက်ထားလေ့ရှိသည်ကို သတိပြုမိသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Heilongjiang Huida Technology Co., Ltd. သို့ ဆက်လက်ထွက်ခွာ၍ အဆင့်မြင့်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်နှင့် ယာဉ်ယန္တရားဒီဇိုင်းများ ထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များ ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ AI စနစ်သုံး မြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးဆိုင်ရာ ရေခံမြေခံ၊ အခြေခံကောင်းများနှင့် ပြည့်စုံပြီးဖြစ်သည်။ ထိုသို့ပေါများကြွယ်ဝပြီးဖြစ်သော အခြေခံအရင်းအမြစ်ကောင်းများကို အဆင့်မြင့်နည်းပညာရပ်များဖြင့် သဟဇာတကျစွာပေါင်းစပ်မြှင့်တင်နိုင်ရမည်ဖြစ်သည်။ နည်းပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်းအားဖြင့် ပန်းတိုင်အထွက်နှုန်းများသို့ တိုးတက်ရရှိလာစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကုန်ကြမ်းပစ္စည်းလုံလောက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လည်ပတ်၍ အလုပ်အကိုင်နှင့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံမျှမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုလာစေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှာ မပြီးဆုံးသေးပေ။ ဆက်လက်၍ ဟာပင်းမှသည် ချန့်ဒူးဆီသို့ ခရီးနှင်ရဦးမည်ဖြစ်သည်။ အမိနိုင်ငံတော်အတွက် ဆောင်ရွက်ဖွယ်လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရဦးမည်ဖြစ်သည်။ ခရီးစဉ်ကာလမှာ ရက်ပေါင်းအနည်းငယ်မျှဆိုသော်လည်း အကျိုးကျေးဇူးများစွာကို ဖြစ်ထွန်းဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ ပြည့်ကျိုးမျှော်ရည်ရှေ့သို့ချီ၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေသည့် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများပင်ဖြစ်ပါတော့သည်။ ။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ စတင်နုတ်သိမ်း



ပွင့်ဖြူ စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ ရာသီဥတုကောင်းမွန်မှုကြောင့် အောင်မြင်ဖြစ်ထွန်းပြီး နုတ်သိမ်းခြွေလှေ့ချိန် ရောက်ရှိလာပြီဖြစ်၍ ဩဂုတ်လ ဒုတိယပတ်မှ စတင်နုတ်သိမ်းရာ တစ်ဧကလျှင် ၅၅ ဒသမ ၄၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် မြေပဲ ၅၂၆၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမြေပဲစိုက်ခင်းများကို တောင်သူများက ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်နုတ်သိမ်းရာ လက်ရှိအချိန်ထိ ၃၈၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၄၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧကလျာထား စိုက်ပျိုးခဲ့ရာမှာ ၅၂၆၇ ဧက စိုက်ပျိုးနိုင်ပြီး သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ အရင်စိုက်ပျိုးနိုင်ခဲ့တဲ့ မြေပဲစိုက်ခင်းတွေ နုတ်သိမ်းခြွေလှေ့ချိန်ရောက်ပြီဖြစ်လို့ တောင်သူတွေက ဩဂုတ်လဒုတိယပတ်လောက်က စတင်နုတ်သိမ်းခဲ့ပါတယ်။ လက်ရှိမှာ ၃၈၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ် ရာသီဥတုကောင်းမွန်တာကြောင့် မြေပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်းကောင်းပါတယ်။ တစ်ဧကကို မြေပဲ ၅၅ ဒသမ ၄၂ တင်းနှုန်းထွက်ရှိပါတယ်။ မြေပဲနုတ်သိမ်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီနုတ်သိမ်းခြွေလှေ့နည်းပညာနဲ့ နုတ်သိမ်းပြီးမြေပဲတွေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျထားသိုသိမ်းဆည်းတတ်စေဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြေပဲကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်၍ မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရွှေသောင်ယံကမ်းခြေသို့ ဩဂုတ်လအတွင်း ခရီးသွားဧည့်သည် ၁၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့



ပုသိမ် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဩဂုတ်လအတွင်း ခရီးသွားဧည့်သည် ၁၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်၏ပြောဆိုချက်အရ သိရသည်။

ရွှေသောင်ယံကမ်းခြေသို့ ယခုနှစ် ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၉၈၄၄၅ ဦးလာရောက်လည်ပတ်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၁၁၂၄၃ ဦးအထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာရောက်အပန်းဖြေတဲ့ ခရီးသွားဧည့်သည်တွေရှိခဲ့ပါတယ်။ နေ့ချင်းပြန်လာတဲ့ ဧည့်သည်ကများပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းကဧည့်သည်တွေအပြင် နိုင်ငံခြားခရီးသွားဧည့်သည်တွေလည်းရှိပါတယ်"ဟု ဒေါ်ချယ်ရီမြင့်ကပြောသည်။

ရွှေသောင်ယံကမ်းခြေ၌ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၂၀ ကျော်ဖြင့် ကမ်းခြေသို့လာရောက်သည့်ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုးနှင့်လက်ဆောင်ပစ္စည်းအမျိုးမျိုးရောင်းချသည့်ဆိုင်များ၊ စက်ဘီးအငှားလုပ်ငန်း၊ မော်တော်ဘုတ်အငှားလုပ်ငန်း၊ မြင်းအငှားလုပ်ငန်း စသည့်လုပ်ငန်းများဖြင့်လည်း ခရီးသွားများအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လှည်းကူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးထင်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပရသည့်ရည်ရွယ်ချက်နှင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ သင်ကြားပေးနိုင်ရေးနှင့် မှန်ကန်သည့်တွေးခေါ်မြော်မြင်မှုများရရှိစေရေး လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြသော ဆရာ၊ ဆရာမများ၊ ပံ့ပိုးပေးခဲ့ကြသော မိဘများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ လာမည့်ပညာသင်နှစ်များတွင်လည်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရေး ပိုမိုအလေးထားအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်းအများဆုံးရရှိသည့် အခြေခံပညာကျောင်းများကို ဆုချီးမြှင့်ခြင်းနှင့် လေးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၃ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၁၉၈ ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့(လှည်းကူး)**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ကိုလောရုံနှင့် ကျွန်ုပ်

နေရှင်းအယ်ဒီတာ ကိုလောရုံနှင့်ကျွန်ုပ်သည် နိုင်ငံရေးအမြင်ချင်း တစ်မျိုးစီရှိကြသော်လည်း အင်္ဂလိပ်လိုသတင်းစာခေါင်းကြီးရေးပုံနှင့် ပတ်သက်၍ ကိုလောရုံကား မြန်မာပြည်တွင် အကောင်းဆုံးခေါင်းကြီး ရေးသမားတစ်ယောက်ဟူ၍ စိတ်ထဲကသဘောကျထား၏။ ၁၉၅၂ ခုနှစ်၌ ကိစ္စတစ်ခုနှင့်ပတ်သက်၍ နေရှင်းသတင်းစာ စာဖတ်ပရိသတ်ထံမှ ထင်မြင်ချက်တောင်းခံရာတွင် ကျွန်ုပ်သည် ကျွန်ုပ်၏အယူအဆကို တင်ပြသည့် ဆောင်းပါးတစ်ပုဒ်ရေးပို့လိုက်၏။ နေရှင်းသည် စာဖတ်သူများထံမှ ဆောင်းပါးများကို သတင်းစာများတွင် ထည့်သွင်းဖော်ပြဖို့ ကတိပေးထားသော်လည်း ကျွန်ုပ်၏ဆောင်းပါးမှာ နောက်ကျနေသောကြောင့်မဖော်ပြဘဲ ချန်ထားလိုက်ရသည်ဆို၏။ သို့ရာတွင် ကျွန်ုပ်၏ ဆောင်းပါးကို လက်ခံရရှိကြောင်းဖော်ပြ၍ ကျွန်ုပ်၏ အင်္ဂလိပ်လိုအရေးအသား နိုင်နင်းပုံကို အတော်ကလေး အကျယ်တဝင့် ရေးသားထည့်သွင်းလိုက်ဖူး၏။ တစ်ဖန် သုံးနှစ်ခန့်ကြာသောအခါ ကျွန်ုပ်သည် တရုတ်နိုင်ငံအပေါ်၌ နေရှင်း၏သဘောထားကို အတော်ပြင်းထန်စွာရှုတ်ချဝေဖန်ရင်း ကိုလောရုံ၏ အင်္ဂလိပ်လိုအရေးအသားကို ချီးကျူးလိုက်သည့် ဆောင်းပါးတစ်ပုဒ် ရေးပို့လိုက်၏။ ယင်းဆောင်းပါးကို 'ထည့်ဝံ့ထည့်စမ်း' ဟူသော ခေါင်းစဉ်တပ်ပေးလိုက်ရာ ကိုလောရုံက သူ့သတင်းစာတွင် ထည့်ပေးလိုက်၏။ သို့ရာတွင် ကျွန်ုပ်၏ဆောင်းပါးအဆုံး၌ အယ်ဒီတာမှတ်ချက်ဖြင့် 'အကွန့်'ကလေး ရေးထည့်လိုက်၏။ အဓိပ္ပာယ်မှာ အယ်ဒီတာအား အပြင်းအထန်ဝေဖန်ထားသည့် ဆောင်းပါးမျိုးကို တခြားအယ်ဒီတာများထည့်ဝံ့ကြပါမည်လောဟူသော မေးခွန်းလေးမျိုးပင်ဖြစ်၏။ ဤတွင် ကျွန်ုပ် ဒုတိယဆောင်းပါးတစ်ပုဒ် ထပ်ဆင့်ချေပလိုက်ရာ ယင်းကို 'ထည့်ချင်မှ ထည့်ပါ'ဟူသော ခေါင်းစဉ်တပ်ပေးလိုက်၏။ ဒုတိယဆောင်းပါးကိုလည်း သတင်းစာတွင် ထည့်ပေးလိုက်၏။ သို့သော် 'အကွန့်'လေးမပါတော့ချေ။ ဤအကြောင်းအရာကို ရေးသားဖော်ပြခြင်းမှာ ကျွန်ုပ် အင်္ဂလိပ်လိုရေးတတ်ခြင်းကို ကြွားလို၍မဟုတ်ရပါ။ လူတို့မည်သည် တစ်ယောက်က တစ်ယောက်၏အရေးအသားကို နှစ်ခြိုက်လှသည်ဆိုလျှင် တစ်ယောက်ကလည်း တုံ့ပြန်နှစ်ခြိုက်တတ်သော သဘာဝရှိခြင်းကို တင်ပြလိုသောကြောင့်မျှသာ ဖြစ်ပါသည်။ ကိုလောရုံနှင့် ကျွန်ုပ်တို့ကိစ္စ၌ ကျွန်ုပ်တို့နှစ်ယောက်သည် (ဆန့်ကျင်ဘက်ဝါဒရှိကြသော်လည်း) စာပေအရေးအသားနှင့်ပတ်သက်၍မူ အကြိုက်ချင်း တူညီကြခြင်းကို ထင်ရှားစေလိုသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်က သူ့အား သဘောကျနေကြောင်းကို ပထမ၌ သူမသိ၊ သို့သော် ကျွန်ုပ်၏ဆောင်းပါးကို သူဖတ်ရသည်နှင့်တစ်ပြိုင်နက် တုံ့ပြန်၍ ကြိုက်ရလေတော့သည်။ ကိုလောရုံအကြောင်းကို ထည့်သွင်းရေးသားရခြင်းမှာ ဤကိစ္စအပြင် တခြားသောရည်ရွယ်ချက်တစ်ခုလည်း ရှိပါသေးသည်။

ယခုတစ်လော၌ ကိုလောရုံသည် နိုင်ငံသစ်သတင်းစာတွင် ခေါင်းကြီးများ ရေးလျက်ရှိခြင်းကို ကျွန်ုပ်တွေ့ရသောအခါ အင်္ဂလိပ်လို အရေးကောင်းလှသည်ဟု ကျွန်ုပ် သဘောကျထားသည့် လူတစ်ယောက်သည် မြန်မာလိုရေးသောအခါ၌ ဘယ်ကဲ့သို့ရှိလေမည်နည်းဟု သိလိုစိတ်ဖြစ်ပေါ်လာသည်နှင့် သူ၏ခေါင်းကြီးများကို အလွန်စိတ်ဝင်စားစွာနှင့်

**"ယခုတစ်လော၌ ကိုလောရုံသည် နိုင်ငံသစ် သတင်းစာတွင် ခေါင်းကြီးများ ရေးလျက်ရှိခြင်းကို ကျွန်ုပ်တွေ့ရသောအခါ အင်္ဂလိပ်လိုအရေးကောင်း လှသည်ဟု ကျွန်ုပ် သဘောကျထားသည့် လူ တစ်ယောက်သည် မြန်မာလိုရေးသောအခါ၌ ဘယ်ကဲ့သို့ရှိလေမည်နည်းဟု သိလိုစိတ်ဖြစ်ပေါ် လာသည်နှင့် သူ၏ခေါင်းကြီးများကို အလွန်စိတ် ဝင်စားစွာနှင့်ဖတ်ကြည့်ပါသည်။ စိတ်ဝင်စားသည် ဆိုရာ၌ သူ၏အာဘော်ကို ဆိုလိုသည်မဟုတ်။ သူ၏မြန်မာလိုအရေးအသားကို သိလိုခြင်းကြောင့် ဖြစ်၏. . ."**

ဖတ်ကြည့်ပါသည်။ စိတ်ဝင်စားသည်ဆိုရာ၌ သူ၏အာဘော်ကို ဆိုလိုသည်မဟုတ်။ သူ၏ မြန်မာလိုအရေးအသားကို သိလိုခြင်းကြောင့်ဖြစ်၏။ ခေါင်းကြီးတစ်ပုဒ်ကို ဖတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကိုလောရုံ၏ မြန်မာစာအရေးအသားနှင့်ပတ်သက်၍ ကျွန်ုပ်၏ မျက်စိထဲတွင် 'မုန့်တီဟင်းကဲ့သို့ ကွင်းကွင်းကြီး' မြင်ရပါတော့သည်။ (ဤအသုံးအနှုန်းမှာ ဦးပုည၏စကားလုံးဖြစ်၍သာ လိုက်ပြီးသုံးလိုက်ရသည်။ 'မုန့်တီဟင်း'သည် မည်သည့်နည်းနှင့် ကွင်းကွင်းကြီးရှိနေနိုင်ခြင်းကို ကျွန်ုပ် ယနေ့တိုင် မတွေးတတ်နိုင်အောင် ရှိပါသေးသည်။) ကိုလောရုံကား အင်္ဂလိပ်လိုခေါင်းကြီးအရေးတွင် မြန်မာပြည်၌ သူမတူအောင် ကောင်းသူတစ်ယောက်ဖြစ်ခြင်းကား မှန်သည်။ အင်္ဂလိပ်ဘာသာမှာ စာလိုရေးသောအခါ၌ (အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း) စကားပြောသလိုရေး၍ လက်ခံကြခြင်းလည်း မှန်သည်။ ကိုလောရုံသည် အင်္ဂလိပ်ဘာသာနယ်ပယ်ဘက်တွင် 'တန်းကုန်'လေပြီ။ ထပ်ဆင့်၍ အောင်ပန်း (Fresh Laurels) ဆွတ်ခူးရန်မရှိတော့ပြီဟူ၍ ယူဆသည့်လက္ခဏာနှင့် မြန်မာစာအရေးအသားဘက်သို့ နယ်ချဲ့သည့်သဘောနှင့် ခြေတစ်လှမ်း ဝင်လာခဲ့ဟန်တူသည်။ သူသည် မြန်မာလို စာရေးဖူးဟန်မရှိ။ (တကယ့်စာကို ဆိုလိုသည်။) စကားလောက်သာပြောဖူးသူဖြစ်ရမည်။ သူ၏အထင်ကား အင်္ဂလိပ်လိုရေးသောအခါ၌ စကားပြောသလို ရေး၍ဖြစ်သည်ဆိုလျှင် မြန်မာဘာသာတွင်လည်း စကားပြောသလို စာရေး၍ဖြစ်ရမည်ဟု ယူဆဟန်တူ၏။ ဤသည်၌ ကိုလောရုံခမျာမှာ အကြီးအကျယ် မှားရှာလေပြီ။ ကိုလောရုံက မြန်မာလို အရေးအသားဘက်၌ 'လက်တည့်စမ်း' လိုခြင်းကား ကိစ္စမရှိ၊ လူတော်တစ်ယောက်က တစ်ခုခုပြုလုပ်သည့်အခါ 'နလပိန်းတုံး' မျိုးက အဟုတ်ကြီးမှတ်ကာ အယောင်ယောင် အမှားမှား ဖြစ်ကုန်ကြပါက မြန်မာစာပေအရေးအသားသည် ကိုလောရုံ၏ ဖျက်ဆီးမှုကြောင့် ဇောက်ထိုးမိုးမျှော် ကျဆင်းသွားမည်ကိုစိုးရိမ်မိပါသောကြောင့် လက်ဝယ်သို့ရောက်ရှိပြီးသော 'အောင်ပန်း'များနှင့် ကျေနပ်လောက်ပြီဖြစ်၍ မြန်မာစာပေနယ်ဘက်သို့ ကျူးကျော်သမှုမပြုပါရန် လေးနက်စွာ မေတ္တာရပ်ခံလိုက်ရပါသည်။

### အပြောနှင့်အရေး

အင်္ဂလိပ်ဘာသာတွင် အပြောနှင့်အရေးသည် အတူတူလိုပင်ဖြစ်သော်လည်း မြန်မာဘာသာ၌မူ ပြောဟန်နှင့်ရေးဟန်မှာ ဝါကျတစ်ပုဒ်တည်း၌ပင် ခြားနားခြင်းရှိပုံကို ထင်ရှားစွာသိနိုင်ပေသည်။ အပြောနှင့်ပတ်သက်၍ မြန်မာလူမျိုးများ မြန်မာလို ပြောတတ်ပုံသည် အင်္ဂလိပ်လူမျိုးများ အင်္ဂလိပ်လိုပြောတတ်ပုံနှင့်နှိုင်းစာလျှင် ထမင်းစားရေသောက် ပြောတတ်ရုံလောက်သာရှိသည်ဆိုပါက မြန်မာလူမျိုးများက ခံချင်ကြလိမ့်မည်မဟုတ်ပေ။ မခံချင်တော့မှရှိကြစေ၊ ဤစကားသည် အမှန်အတိုင်းထက် တစ်ရွေးသားမျှ ပိုသည်မဟုတ်ပါ။ အင်္ဂလန်ပြည်၌ စကားအကောင်းဆုံးပြောတတ်သူတို့သည် ပါလီမန်တွင် အမတ်ဖြစ်ဖို့ တက်လှမ်းကြ၍ အကောင်းဆုံးသောစကားများမှာလည်း ပါလီမန်၌ ကြားရတတ်ပေသည်။ မြန်မာပြည်မှာမူ ပါလီမန်သက် အလွန်နုသေးသည်ဖြစ်၍ ဗြိတိသျှပါလီမန်ကို မဆိုထားဘိ၊ အိန္ဒိယပါလီမန်နှင့် နှိုင်းယှဉ်လိုက်လျှင်ပင် မြန်မာအမတ်များသည် ကလေးသာသာလောက်သာ ပြောတတ်ကြသေး၏။ ဗြိတိသျှပါလီမန်တွင် တချို့အမတ်များသည် ဘယ်မျှလောက်စကားပြောကောင်းကြသည်ကို စာဖတ်သူတို့ ဗဟုသုတရရန်အလို့ငှာ ဖော်ပြလိုက်ပါဦးမည်။ ဗြိတိသျှပါလီမန်၌ အက်ဒ်မန်ဘာ့က် (Edmund Burke)၊ ဖောက်စ် (Fox)၊ ရှရိဒင် (Sheridan) တည်းဟူသော စကားပြောအလွန်ကောင်းလှသည့် အမတ်သုံးယောက်တို့သည် တစ်ခေတ်တည်း စင်ပြိုင် ပေါ်ထွန်းခဲ့ကြ၏။ ထိုအချိန်တွင် ဥရောပတိုက် ပြင်သစ်နိုင်ငံ၌ တော်လှန်ရေးကြီး (Frence Revolution) ဖြစ်ပေါ်ခဲ့ရာ ဤပြဿနာနှင့်ပတ်သက်၍ အက်ဒ်မန်ဘာ့က်သည် ဗြိတိသျှပါလီမန်တွင် အတိုက်အခံဘက်မှစကားပြော၏။ ဗြိတိသျှပါလီမန်မှာ ထုံးစံအတိုင်း ညအချိန်၌ကျင်းပရာ ဘာ့က်သည် သန်းခေါင်မတိုင်မီမှစ၍ စကားပြော၏။ သန်းခေါင်ကျော်သော်လည်း ပြောတုန်း၊ နှစ်နာရီ သုံးနာရီထိုးတော့လည်းမဆုံးသေး၊ မိုးလင်းတော့လည်း ပြောတုန်း၊ နံနက် ကော်ဖီသောက်ချိန်တန်လတ်သော် ဘာ့က်က မိမိ၏စကားမဆုံးသေးသဖြင့် ခေတ္တနားပြီး ကော်ဖီသောက်ကြဖို့ ပြောလေရာ ပရိသတ်က ဘယ်သို့ပြုသည်ထင်ကြသနည်း။ 'မောင်မင်းကြီးသား အနားပေးပေလို့ တော်ပါသေးဗျာ' ဟု ဆိုကာ လက်ဖက်ရည်ခန်းသို့ ထသွားကြသည် ထင်ကြသလော၊ မဟုတ်ပါ။ အမတ်များသည် (အတိုက်အခံရော၊ အစိုးရဘက်ပါ)အလွန်စိတ်ဝင်စားလျက်ရှိကြသည်ဖြစ်၍ လက်ဖက်ရည်သောက်လိုက်လျှင် အာရုံပြတ်သွားလိမ့်မည်ဆိုကာ လက်ဖက်ရည်သောက်ဖို့ မထကြဘဲ(Go on! Go on!) 'ပြောသာပြောပါ၊ ပြောသာ ပြောပါ'ဟု ဟစ်အော်ကြသည်နှင့် အနားမယူဘဲ ဆက်လက်၍ ပြောရလေသည်။ တစ်ဖန် နံနက်စာစားချိန်တွင်လည်း ထိုနည်းအတူ ဘာ့က်က အနားပေးသော်လည်း ပရိသတ်က မထဘဲ (ဂိုး အော်န်၊ ဂိုး အော်န်)ဟု ခုံများကိုထုကာ အော်နေကြပြန်သဖြင့် ဘာ့က်က ဆက်လက်၍ ပြောရပြန်လေသည်။**ဆက်လက်ဖော်ပြပါမည်။**

## အိမ်မဲမြို့နယ်၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ထူးချွန်ဆုများနှင့်သင်တန်းဆင်းလက်မှတ်များ ပေးအပ်

အိမ်မဲ စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်က ကျရောက်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid)အထိမ်းအမှတ် ရှေးဦးပြုစုခြင်း သင်တန်းများတွင် ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကိုတက်ရောက်လာသူများက ကြက်ခြေနီသစ္စာအဓိဋ္ဌာန် ရွတ်ဆိုဖွင့်လှစ်ကြသည်။ ထို့နောက် အိမ်မဲမြို့နယ် ကြက်ခြေနီအသင်းနာယက၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌကပေးပို့သော ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ သဝဏ်လွှာအား မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က ဖတ်ကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်း Video များအားပြသသည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှဖွင့်လှစ်ခဲ့သော ရှေးဦးပြုစုခြင်းသင်တန်းများတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။




ချစ်သက်လယ်(အိမ်မဲ)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်၊ နည်းပြ၊ ကစားသမားများ၏ အင်အားစာရင်း၊ စတင်ထွက်ခွာမည့်နေ့ရက်၊ အချိန်နှင့်တည်းခိုနေထိုင်မည့်နေရာတို့ကိုသတ်မှတ်ပြီး အမြန်ဆုံးတင်ပြကြရန်နှင့် Joint Training သွားရောက်ယှဉ်ပြိုင်သည့် အားကစားအဖွဲ့များအနေဖြင့် အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။




ထို့နောက် တက်ရောက်လာသော အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွဲဖက်အတွင်းရေးမှူးများက အားကစားနည်းအလိုက် သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်၊ နည်းပြ၊ ကစားသမားများ၏ အင်အားစာရင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်းများ၊ ပြိုင်ပွဲကျင်းပမည့်နေ့ရက်၊ တည်းခိုနေထိုင်ရေးနှင့် Joint Training သွားရောက်ရန် ပြင်ဆင်ထားရှိမှု၊ နိုင်ငံခြားနည်းပြငှားရမ်းလေ့ကျင့်နေမှု၊ သွားရောက်မည့် ပုဂ္ဂိုလ်များအလိုက် ရရှိမည့်ကတ်အမျိုးအစားဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း-ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

(မိုး/ဇလ)




## ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၏ လယ်ယာသားငါးကဏ္ဍမြှင့်တင်ပေးနိုင်ရေးကြိုးပမ်း



နေပြည်တော် စက်တင်ဘာ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ပြည်လျှော်ရွေးလျှော်ထုတ် စက်ရုံအားငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ခေတ္တရာဟသာ်ာကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကုမ္ပဏီ၏ မျိုးသန့် မျိုးစပါးဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေမှု၊ မျိုးသန့်စက်ဖြင့် မျိုးစေ့သန့်စင်ခြင်းလုပ်ငန်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရောင်းပြခန်း၊ ဆန်နှင့်ဆန်ကွဲ ဝယ်ယူရောင်းချခြင်းလုပ်ငန်း၊ မြေဩဇာရောင်းချခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် သာယာဝတီခရိုင် သာယာဝတီမြို့ ငါးလုပ်ငန်းဦးစီးဌာန ငါးစခန်း၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ရေချိုငါးမုတ်၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယား၊ ငါးဖန်းမ၊ ရွှေဝါငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်းနှင့် ငါးတန်ငါး သားဖောက်ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (သာယာဝတီ) သို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား၊ ကျောင်းသူများမှ ဒေသကြက်မများမွေးမြူ၍ ဥဥနှုန်းကိုလေ့လာခြင်း၊ မြန်မာဝက်ကို အသားတိုးစာကျွေး၍ ကြီးထွားနှုန်းကို နှိုင်းယှဉ်လေ့လာခြင်း၊ အစာကြမ်းနှင့် အစာနုကျွေး၍ ဆိတ်၏ ကြီးထွားနှုန်းကိုလေ့လာခြင်း၊ ထိုင်းကောက်နှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ မတူညီသော ဟင်းသီးဟင်းရွက်များ၏ ကြီးထွားမှုကိုလေ့လာခြင်း ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတိုးတက်မြင့်မားရေးနှင့် အရည်အသွေးကောင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်သောလူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆွေးနွေးမှာကြားကြောင်းသိရသည်။ **မြဝတီ**

## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းဘေးရှိ မစိုးရိမ်ဘုန်းကြီးကျောင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။


တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေအောင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်း စုစုပေါင်း ၆၁ ဦးတို့သည် (၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းဘေးရှိ မစိုးရိမ်ဘုန်းကြီးကျောင်းအတွင်း၌ ချုံနွယ်များ၊ မြက်ပင်များအား စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို ယနေ့ညနေပိုင်းတွင် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများဖြန့်ဝေပေးနိုင်ရေး၊ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးညီအစ်မမြို့များတည်ထောင်၍ မြို့နှစ်မြို့သာမက နှစ်နိုင်ငံကဏ္ဍစုံ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူးနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ CPC ပါတီအတွင်းရေးမှူးက နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာရှိ Chinese Hibiscus Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှအဆက်

ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ၁၄-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏**ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ညနေ ၅ နာရီ ၄၁ မိနစ် ၄၉ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၁၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(Northeastern India)၊ မြောက်လတ္တီတွဒ် ၂၆ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၁၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆို

နေပြည်တော် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်အတွင်းရှိပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သောင်းသောင်းဖြဖြကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# ဒုတိယအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွဲဖက်အတွင်းရေးမှူးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက သွားရောက်ယှဉ်ပြိုင်မည့်အားကစားနည်းအလိုက် လေ့ကျင့်ရမည့်ကွင်းအနေအထား၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည့်ကွင်းအနေအထားတို့ကို ကြိုတင်လေ့လာထားစေလိုကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် သာမကနောင်တွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအထိ အောင်မြင်မှုများရရှိအောင် မျှော်မှန်းကြိုးစားစေလိုကြောင်း၊ ယခုပြိုင်ပွဲအတွက် လေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံးအထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကြိုတင်ပေါင်းစပ်ဆောင်ရွက်ထားစေလိုကြောင်း၊ နိုဝင်ဘာလတွင်ကျင်းပမည့် အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားသို့ အားကစားနည်းများအားလုံး စုံစုံလင်လင်တက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုပိုင်းဆိုင်ရာစီမံခန့်ခွဲထားရှိမှု၊ ပြိုင်ပွဲသို့ သွားရောက်မည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများ၏ အင်အားစာရင်း၊ ဒိုင်လူကြီးတာဝန်ထမ်းဆောင်မှု၊ ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှု(Joint Training) သွားရောက်ခဲ့မှု၊ မျှော်မှန်းထားသည့်ဆုတံဆိပ်ရရှိမှု၊ မိမိအစီအစဉ်ဖြင့်သွားရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့များ၏ သွားလာနေထိုင်ရေးနှင့် လေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

မြဝတီ



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ စက်တင်ဘာလ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ခေတ္တတပ်ဖွဲ့ခွဲမှူး ဦးစီးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဆရာ၊ ဆရာမများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

မြဝတီ

# ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ပြီး စိုက်ပျိုးရေးနှင့်စက်မှုဇုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အလျင်လိုကျေးရွာ အမှတ်(၃၄)အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်နေရာ၌ မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာ၌ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ရေတမာ၊ ခရေ စသည့်ပျိုးပင်များအား အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် မိုင်တိုင်(၁၉၄/၆) အနီး Big Myanmar Co.,Ltd. ၏ မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ) အပင် ၈၀၀ စိုက်ပျိုးထားရှိမှု၊ စိန်တစ်လုံးသရက်ပင်စိုက်ပျိုးထားရှိမှုနှင့် သရက်ရွက်အစို၊ အခြောက်၊ EM နှင့် သဘာဝစွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေဆွေးပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝမြေဩဇာကိုကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းလေးသွယ်နှင့်အညီ ဆောင်ရွက်ကြရေးဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိစက်မှုဇုန် Lucky Bag & Swallaw Plastic Trading Co.,Ltd. ၌ ဆိုလာများတပ်ဆင်ထားရှိမှုကို ကြည့်ရှုပြီး ဒက္ခိဏသီရိအသေးစားနှင့်အလတ်စားစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်အတွင်း ဆိုလာစနစ်ဖြင့် စက်ရုံလည်ပတ်နေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆိုလာစနစ်ဖြင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့်စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ပသွင်းကုန်အစားထိုးပစ္စည်းများ၊ လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းများ စနစ်တကျထုတ်လုပ်ရေး၊ စက်ရုံများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ရောက်ရှိအောင် အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

အောင်သူရဦး(ဒက္ခိဏ)



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့်စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့်စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့်စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် (၅)ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ၇ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၆ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၆ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ayadaw Township finishes cultivation of more than 3,000 acres of rainfed paddy

AYADAW September 14

More than 3,000 acres of rainfed paddy has been planted in Ayadaw Township of Sagaing Region, according to this year's statistics of Monywa District Agriculture Department.

For the 2025–2026 monsoon crop season, Ayadaw Township has planned to cultivate 21,600 acres of rainfed paddy. Planting began in June this year, and as of now, a total of 3,448 acres have been planted.

"This monsoon season, we planned to grow over 21,000 acres of rainfed paddy in Ayadaw Township. So far, more than 3,000 acres have been planted, and work is ongoing to meet the full target acreage. We will provide farmers with the necessary techniques and seed varieties for timely planting. Field activities are being carried out to help farmers plant rainfed paddy on schedule," said Daw San San Myint, Head of the Monywa District Department of Agriculture.

It is reported that the relevant township agriculture office and local farmers are cooperating to ensure smooth and systematic cultivation of rainfed paddy without difficulties this season.

In Ayadaw Township, farmers are receiving agricultural guidance on cultivation methods, pest prevention, avoiding crop losses, and timely post-harvest storage of paddy under shelter.

To ensure successful crop growth and good yields, township agriculture officials and staff are conducting field visits to provide farmers with technical assistance in selecting quality pure seeds, preventing pest infestations, thinning and weeding, removing off-type plants, and applying fertilizers properly.

**SK**

# Large volume of dried Mackerel fish sent to Yangon market

PYAPON September 14

"Local entrepreneurs from Labutta Township of Ayeyawady Region sold a large volume of dried Mackerel fish to Yangon market," said Daw Myint Myint Win, the owner of dried fish trading depot in Labutta Township.

Pyapon Township was able to sell up to 78,000 viss of dried mackerel to the Yangon market.

"We process locally caught dried mackerel in a systematic way and mainly transport and sell them to the Yangon market. Over the past month, we sold up to 78,000 viss. We supply them in response to strong demand from the Yangon market. The dried fish currently being sold are from the summer production, and domestic consumers are purchasing them actively," said Daw Myint Myint Win.

It is reported that in Pyapon Township, fishery product traders process fish paste and dried fish, including locally produced dried mackerel, for sale to the Yangon market. The current price for 10 viss of dried mackerel is up to Ks-305,000.

**SK**



# Seintalone mango from Kyaunggon Township in high demand at domestic market



KYAUNGGON September 14

"Trading of Seintalone mango produced by Kyaunggon Township of Ayeyawady Region is high demand at the domestic market," said Daw Ei Ei Aye, the owner of mango trading commodity depot in Kyaunggon Township.

In Kyaunggon Township, Seintalone mangoes have been on sale in the market from 1 August this year up to today, with daily purchases ranging from 8,500 to 15,000 fruits, indicating good market demand. The price for 100 Seintalone mangoes is reportedly as high as Ks-67,000.

"The good sales are because buyers from other townships are actively purchasing the mangoes produced here. The Seintalone mangoes currently on the market are of high quality, and other regions are keen to buy those transported from our area. When there is strong demand for locally produced mangoes like this, not only the mango growers but also the workers and others involved in related businesses benefit," said Daw Ei Ei Aye.

It is noted that this is currently the season for Seintalone mangoes and other local mango varieties in Kyaunggon Township. The high demand for local mangoes has boosted sales, bringing advantages such as trading exclusively in local produce, saving on transportation costs, and ensuring product freshness.

**SMK**

# Farmers cultivate over 2,000 acres of rainfed paddy in Shwebo Township

SHWEBO September 14

Statistics of Shwebo Township Agriculture Department mentioned that local farmers have planted more than 2,000 acres of rainfed paddy in Shwebo Township of Sagaing Region.

For the 2025–2026 monsoon crop season, Shwebo Township has planned to cultivate 109,400 acres of rainfed paddy. Planting began in June this year, and as of today, 2,253 acres have been completed, according to reports.

"This year, during the monsoon crop season, Shwebo Township has planned to grow over 100,000 acres of rainfed paddy. As of today, more than 2,000 acres have been planted. We are working to ensure the full target acreage is achieved. Necessary technologies and quality seed varieties will be provided for paddy cultivation, and field visits are being conducted to help farmers plant on time," said U San Oo, Head of the township department of agriculture.

It is reported that, during this year's monsoon crop season, the township's department of agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Shwebo Township, farmers growing rainfed paddy are being provided with agricultural technical support, pest prevention awareness, guidance to avoid crop loss or damage, and advice on timely post-harvest handling to ensure harvested paddy is stored under cover in time.

This year, rainfed paddy plantations are thriving in Shwebo Township. Agricultural staff from the township department help local farmers select quality seeds of paddy, prevent pests, conduct weeding, remove different strains of crops and systematically use fertilizers in their fields.

**SMK**

# Homalin Township grows more than 12,000 acres of rainfed paddy this year

HOMALIN September 14

According to the Homalin Township Agriculture Department, local farmers have planted more than 12,000 acres of rainfed paddy in the township of Sagaing Region.

In the 2025-2026 monsoon cropping season, Homalin Township has planned to cultivate 64,290 acres of rainfed paddy. Planting began in June this year, and as of today, 12,028 acres have been cultivated, according to reports.

"This year, we have planned to plant over 64,000 acres of rainfed paddy in Homalin Township. So far, over 12,000 acres have been cultivated. We are working to ensure the planned acreage is fully planted. The necessary techniques and quality seeds will be provided for paddy cultivation. We are also making field visits to help farmers plant monsoon paddy on time," said Daw Su Su Htwe, Head of the Homalin Township Agriculture Department.

It is reported that during this year's monsoon cropping season, the Township Agriculture Department and local farmers are working together to ensure systematic cultivation of rainfed paddy without any difficulties.

In Homalin Township, farmers growing rainfed paddy are being provided with agricultural techniques, pest prevention awareness, guidance to prevent crop loss, and instructions to ensure harvested paddy is stored under cover in a timely manner.



To ensure the success and good yields of this year's rainfed paddy fields in Homalin Township, township agriculture staff are conducting field visits to provide guidance on selecting quality pure seeds, pest monitoring, weeding, removing off-type plants, and proper application of chemical fertilizers.

**SMK**

# Farmers grow over 22,000 acres of green gram in Yinmabin District this year

YINMABIN September 14

This year's statistics of Yinmabin District Agriculture Department mentioned that a total of 22,326 acres of green gram has been planted as monsoon crops in Yinmabin District of Sagaing Region.

For the 2025–2026 monsoon crop season, Yinmabin District has planned to cultivate 38,668 acres of rainfed green gram. Planting began in May this year, and as of now, 22,326 acres have been planted.

"This monsoon season, we planned to grow over 38,000 acres of green gram in Yinmabin District. So far, more than 22,000 acres have been planted, and we are working to meet the full target acreage. We are also providing education on expanding cultivation areas and using quality pure seeds to achieve good yields," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

By township, this year's planted areas are 2,202 acres in Yinmabin, 4,999 acres in Kani, 10,850 acres in Salingyi, and 4,275 acres in Pale, totalling 22,326 acres.

The planned allocation for the 2025–2026 monsoon season is 5,462 acres in Yinmabin Township, 12,661 acres in Kani Township, 17,043 acres in Salingyi Township, and 3,502 acres in Pale Township making a total of 38,668 acres.

According to the respective township agriculture offices, farmers are receiving guidance on selecting quality seed varieties suited to the local climate, following proper cultivation methods, preventing pest infestations, applying fertilizers correctly, and improving yields.

For legume cultivation during this monsoon season, officials are also working with farmers to provide the necessary pure seed varieties, inputs, and post-harvest handling techniques to enhance both the yield and quality of crops. **SMK**

# More than 30,000 acres of rainfed paddy planted in Tamu District

TAMU September 14

Data of Tamu District Agriculture Department showed that local farmers planted 31,204 acres of rainfed paddy in Tamu District of Sagaing Region.

In the 2025–2026 monsoon cropping season, Tamu District has planned to cultivate 49,500 acres of rainfed paddy. Planting began in June this year, and as of today, 1,121 acres have been cultivated in Myothit Township, 9,633 acres in Tamu Township, and 20,450 acres in Khampat Township — a total of 31,204 acres, according to reports.

"This year, we have planned to plant over 40,000 acres of rainfed paddy in Tamu District. So far, over 30,000 acres have been cultivated. We are working to ensure the planned acreage is fully planted. The necessary techniques and quality seeds will be provided for paddy cultivation. We are also making field visits to help farmers plant monsoon paddy in time," said U Hla Myint, Head of the Tamu District Agriculture Department.

According to the township-wise plan for this year's monsoon season in Tamu District, 12,880 acres are targeted for Myothit Township, 15,580 acres for Tamu Township, and 21,040 acres for Khampat Township — totalling 49,500 acres.

It is reported that during this monsoon cropping season, the Township Agriculture Departments and local farmers are cooperating to ensure rainfed paddy is cultivated systematically without difficulties.

In Tamu District, farmers growing rainfed paddy are being provided with agricultural techniques, pest prevention awareness, guidance to prevent crop loss, and instructions to ensure harvested paddy is stored under shelter in a timely manner.

To ensure this year's rainfed paddy fields in Tamu District thrive and achieve good yields, township agriculture staff are conducting field visits to provide guidance on selecting quality pure seeds, pest monitoring, weeding, removing off-type plants, and proper application of chemical fertilizers.

**SK**

# More than 30,000 acres of groundnut cultivated in Budalin Township

BUDALIN September 14

Statistics of Budalin Township Agriculture Department stated that local farmers planted 32,164 acres of groundnut as monsoon crops in Budalin Township of Sagaing Region.

In the 2025–2026 monsoon cropping season, Budalin Township has planned to cultivate 34,700 acres of groundnut. Planting began in May this year, and as of today, 32,164 acres have been cultivated, according to reports.

"This monsoon season, we have planned to plant over 34,000 acres of groundnut in Budalin Township. So far, over 32,000 acres have been cultivated. We are working to ensure the target acreage is met. As an oil crop, the prospects are good, and groundnut cultivation has been improving year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.

For groundnut cultivation in Budalin Township, one and a half baskets of seed are sown per acre. The total cost per acre including seed, labour charge, fertilizer, and pesticide expenses is reported to exceed Ks-200,000. Each acre yields over 50 baskets on average.



This year, to ensure the success of groundnut fields in Budalin Township, prevent pest and disease outbreaks, and maintain weed-free conditions, staff from the Township Agriculture Department have been making field inspections and recording monitoring data. **SK**

# Charlie Kirk murder suspect ‘not cooperating’ with authorities – Utah governor

WASHINGTON September 14

The suspected assassin of conservative activist Charlie Kirk is refusing to cooperate with the investigation, Utah Governor Spencer Cox has told ABC. The authorities are currently gathering evidence from “people around him” and his online activities, according to the governor.

Tyler Robinson, 22, the alleged shooter, remains in custody. He is expected to face formal charges on Tuesday, Cox said. “He has not confessed to authorities. He is not cooperating,” the governor stated, adding that “all the people around him are cooperating.”

Cox noted that the suspect had a trans partner, confirming earlier media reports. “We can confirm that his roommate was indeed a boyfriend who is transitioning from male to female,” which was also verified by the FBI, he said. This person is cooperating with the authorities, according to the governor.

The investigators also established that the suspect talked to acquaintances about the shooting after the incident on Discord and claimed responsibility for it, Cox stated. “All we can confirm is that those conversations definitely were happening, and they did not believe it was actually him. It was all joking until he admitted that it actually was him.”

The motive of the murder remains unclear, according to ABC. Cox previously told the Wall Street Journal that Robinson was “deeply indoctrinated with leftist ideology.” Asked by ABC to comment on the statement, he replied: “so far, that has come from his acquaintances and his family members.”

Kirk, 31, the founder of Turning Point USA, was fatally shot in the neck while addressing students in Orem, Utah. Robinson was arrested on Friday after his father reportedly recognized him in surveillance footage and persuaded him to surrender.

Police recovered a Mauser .30 caliber bolt-action rifle and ammunition engraved with slogans such as “Hey fascist! Catch!” near the shooting scene.

US President Donald Trump said in the wake of the incident that Kirk’s murderer should face the death penalty. Cox also previously said the authorities would seek capital punishment for the assassin.

**RT**

# Egypt sends 36th aid convoy to Gaza since late July



CAIRO September 14

Egypt on Sunday dispatched a new humanitarian aid convoy from the Egyptian side of the Rafah crossing toward the Kerem Shalom crossing for inspection by Israeli authorities before entering the Gaza Strip, Egypt’s state TV reported.

Run by the Egyptian Red Crescent (ERC), it is the 36th aid convoy sent from Egypt to Gaza since July 27.

The convoy set off at dawn carrying food supplies including rice, pasta, flour, and baby formula, as well as medicines and medical supplies, according to the report.

The previous convoy, the 35th, which was sent on Thursday, included mobile toilets for the first time to improve the living conditions of displaced Palestinians whose homes were destroyed or damaged in Israeli strikes.

The report said the convoys organized by the ERC also include donations collected by the people of Egypt’s Sinai in support of Palestinians in Gaza. The ERC also coordinates with countries wishing to send aid to Gaza through Egypt.

Egypt has provided more than 70 percent of the total aid delivered to Gaza since the conflict began, with over 550,000 tons of relief supplies transported via thousands of trucks, while about 5,000 trucks remain waiting on the Egyptian side of the Rafah crossing, the Egyptian Foreign Ministry said in August.

**Xinhua**

# Trump-Xi likely to meet at APEC as US-China talks stall

WASHINGTON September 14

US Treasury Secretary Scott Bessent will meet Chinese Vice Premier He Lifeng in Madrid on Sunday for a fourth round of talks, which could potentially set the stage for Donald Trump to visit Beijing ahead of the APEC forum in South Korea on October 31.

The meeting between US President Donald Trump and Chinese President Xi Jinping might not take place as a summit in Beijing as originally planned, the Financial Times reports, citing sources.

Due to the slow progress in negotiations between the two countries on several issues, particularly trade and efforts to combat fentanyl trafficking, the meeting may take place on the sidelines of the Asia-Pacific Economic Cooperation forum instead, sources told the outlet.

In recent days, two US cabinet officials—Secretary of State Marco Rubio and Defence Secretary Pete Hegseth—have also engaged with their Chinese counterparts, fueling speculation about a potential Trump-Xi meeting.

Chinese authorities have indicated they could arrange a summit within a few days, even if Trump makes a last-minute decision, according to insiders.

**Sputnik**

# At least 15 dead in road accident in southeast Mexico



MEXICO CITY September 14

At least 15 people were killed in a multi-vehicle crash that involved a truck, a private vehicle, and a taxi in southeastern Mexico on Saturday, said local authorities.

The accident, which also injured two people, occurred at kilometer 127 of the Merida-Campeche federal highway in the state of Yucatan.

The Secretariat of Public Security (SSP) of the State of Yucatan said on social media that among the dead were the driver of the truck and another person inside the taxi.

The injured received immediate medical treatment at the scene, where SSP fire and ambulance units went to control risks, care for victims and transport the injured people.


The authorities urged citizens to take precautions when travelling on federal highways, as well as adhering to speed limits and complying with road safety provisions to prevent accidents.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists discover key cause of deadly liver disease - and new treatment could be on the horizon



Harmful gut bacteria could be driving the surge in cases of deadly liver cancer, scientists have revealed in a concerning new study.

When people think of liver disease, many will say it is caused by excessive alcohol intake—but experts say anything that can increase fat in and on the liver, such as a poor diet, can raise the risk of the disease.

According to the British Liver Trust, liver disease is the only major disease to see death rates continually rising, with figures having quadrupled in the past 50 years.

But now Canadian researchers may have discovered a way of controlling blood sugar levels and reduce liver damage, especially in high-risk obese patients.

In the study, published in the journal Cell Metabolism, scientists were able to identify and isolate a molecule produced by bacteria in the gut that triggers the liver to make too much sugar and fat.

Professor Jonathan Schetzer, expert in biomedical sciences at McMaster University and study lead author, said: 'This is a completely new way to think about treating metabolic diseases like fatty liver disease.

'Instead of targeting hormones or the liver directly, we're intercepting a microbial fuel source before it can do harm.'

He added: We've known for nearly a century that muscles and the liver exchange lactate and glucose. What we've discovered is a new branch of that cycle, where gut bacteria are also part of the conversation.'

In 1974 married scientists Carl and Gerty Cori demonstrated how muscles in the body produce L-lactate which pushes the liver to produce glucose, which then cycles back to fuel the muscle—known as the Cori cycle.

The Canadian researchers used this theory in the current study to analyse how a lesser known molecule called D-lactate works in the body.


They found that obese people have higher levels of this molecule, the majority of which comes from gut microbes, shown to raise blood sugar levels and liver fat more dramatically than the common L-lactate.

To see if they could stop this effect, the researchers designed a 'gut substrate trap' which they hoped would bind to D-lactate in the gut and prevent it from being absorbed.

They found that mice fed this biodegradable trap had lower blood glucose levels, better insulin resistance and reduced liver inflammation and fibrosis—the development of fibrous connective tissue as a response to damage—than mice who were not fed the trap.

These changes were observed without any changes being made to diet or body weight.

One of the most common forms of liver disease, affecting around 1 in 5 people in the UK, is metabolic dysfunction-associated steatotic liver disease (MASLD), formerly known an non-alcoholic fatty liver disease.



The condition is caused by a build-up of fat in the liver which triggers inflammation.

Over time, this leads to scarring, which can eventually cause cirrhosis.

Left untreated, it can lead to liver failure or even cancer, with obese people and type 2 diabetics at higher risk of the disease.

Figures from The Liver Trust revealed there were 11,000 deaths from liver disease last year—many of which could have been prevented with early intervention and lifestyle changes.

Professor Philip Newsome, Director of the Roger Williams Institute of Liver Studies at King's College London previously told the Daily Mail: 'People who develop MASLD are often overweight or have diabetes.

'We're seeing an increase in liver disease in the UK, and the challenge is that symptoms are often unnoticeable until it's too late.'

He added that it's a common and dangerous misconception that only alcohol can cause liver scarring, as excess fat and uncontrolled blood sugar levels can lead to the same outcome.

Whilst MASLD does not usually cause any symptoms, meaning it is only detected when tests are carried out for a seemingly unrelated health issue, some patients will experience fatigue, malaise, and liver pain or discomfort felt in the abdomen under the right side of the ribs.

In the UK, there has been a strong sense of urgency to tackle the UK's growing obesity crisis to alleviate pressures on the National Health Service.

According to recent data, nearly two-thirds of adults in England are overweight, with an extra 260,000 people entering the category last year.

Meanwhile, more than a quarter (26.5 percent)—an estimated 14 million people—were classified as obese.

Last month GPs allowed to prescribe weight loss jabs, collectively known as GLP-1s for the first time in a bid to tackle the crisis.

An estimated 1.5 million people are now using weight loss jabs through the NHS or private clinics, while millions more are eligible.

**Mail Online**

# ဉာဏ်ရည်တု၊ လူမဲ့၊ ကွန်ရက်ချိတ်ဆက်မှုများနဲ့ အနာဂတ်စစ်ပွဲကို တစ်ခေတ်ဆန်းသစ်စေမယ့် တရုတ်စစ်ရေးပြအခမ်းအနားမှ သံချပ်ကာတိုက်ယာဉ်များ - (၁)

အနာဂတ်မှာစစ်ပွဲဖြစ်လာမယ်ဆိုရင် ဖြစ်လာမယ့်စစ်ပွဲက နည်းပညာလွန်စွာမြင့်မားမှုနဲ့အတူ လက်နက်စွမ်းပကားကလည်း အလွန်ကိုပင်ကြီးမားလာမှာဖြစ်ပါတယ်။ ဒီအရေးတွေကိုကြိုတင်မျှော်တွေးထားတဲ့ ကမ္ဘာ့အင်အားကြီး တရုတ်နိုင်ငံရဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က စစ်လက်နက်ပစ္စည်းများစွာကို ပြည်တွင်းမှာပင်အဆင့်မြင့်တင်တိုးတက်ထုတ်လုပ်နေတာကိုတွေ့ရှိရပါတယ်။

စက်တင်ဘာလအစောပိုင်းတုန်းက တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ တီယန်အန်မင်ရင်ပြင်မှာ ကျင်းပပြီးစီးခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားမှာ အဆင့်အတန်းမြင့်မားလှတဲ့ တရုတ်တပ်မတော်သားများရဲ့စစ်ရေးပြသမှုနဲ့အတူ အဆင့်မြင့်မားလှတဲ့ စစ်လက်နက်ပစ္စည်းများစွာကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။ အဲဒီလိုထုတ်ဖော်ပြသမှုမှာ သံချပ်ကာတိုက်ယာဉ်အမျိုးအစားပေါင်း ကိုးမျိုးအထိကို ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။

အဲဒါတွေကတော့ Type-99B ပင်မတိုက်ပွဲဝင်တင့်၊ Type-100/ZTZ-201 မျိုးဆက်သစ်တင့်၊ Type-100 မျိုးဆက်သစ်ခြေလျင်တင်တိုက်ယာဉ်၊ PTL-11/ZTL-11 တင့်ဖျက်တိုက်ယာဉ်၊ Type-08 ခြေလျင်တင်တိုက်ယာဉ်၊ လေကြောင်းချီသံချပ်ကာလူသယ်ယာဉ်အသစ်၊ လေကြောင်းချီခြေလျင်တင်တိုက်ယာဉ်အသစ်၊ လေကြောင်းချီပစ်ကူပေးတိုက်ယာဉ်အသစ်နဲ့ ZLL-09 ယာဉ်တင်အမြောက်တို့ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီသံချပ်ကာတိုက်ယာဉ်များနဲ့ပတ်သက်ပြီး စာရေးသူအနေနဲ့လေ့လာမှတ်သားမိသမျှကို ဒီနေရာကနေတင်ပြပေးချင်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံက သံချပ်ကာတိုက်ယာဉ်များဖန်တီးထုတ်လုပ်အသုံးပြုရာမှာ ဘယ်လိုစွမ်းဆောင်ရည်တွေပိုင်ဆိုင်ထားပြီလဲဆိုတာကို ဗဟုသုတဖြစ်စေဖို့ဖြစ်ပါတယ်။

## Type-99B ပင်မတိုက်ပွဲဝင်တင့်

Type-99B ပင်မတိုက်ပွဲဝင်တင့်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ သံချပ်ကာတပ်ဖွဲ့ရှိ အကောင်းဆုံးနဲ့အဓိကအားထားရဆုံး ပင်မတိုက်ပွဲဝင်တင့်ဖြစ်ပါတယ်။ ပြည်တွင်းသတင်းဌာနတစ်ခုက အဲဒီတင့်ကို ZTZ-99B လို့ကြေညာသွားပေမယ့် ZTZ-99A တင့်နဲ့ သိသာထင်ရှားတဲ့ ကွဲပြားခြားနားမှုမရှိတာကိုတွေ့ရပါတယ်။ ဒီစစ်ရေးပြအခမ်းအနားမတိုင်ခင်တုန်းက ထွက်ပေါ်ခဲ့တဲ့ သတင်းအချက်အလက်တွေအရဆိုရင် ZTZ-99B တင့်မှာ GL-6 ကြိုတင်တုံ့ပြန်အကာအကွယ်စနစ်ကို တပ်ဆင်ထားတယ်လို့သိရပါတယ်။ ဒါပေမဲ့ စစ်ရေးပြအခမ်းအနားမှာတွေ့ရတဲ့ ZTZ-99B တင့်မှာကျတော့ အဲဒီစနစ်ပါဝင်လာခြင်းမရှိပါဘူး။ ဒါကြောင့် တချို့ကလည်း စစ်ရေးပြအခမ်းအနားမှာပါဝင်ချီတက်ခဲ့တဲ့တင့်က ZTZ-99A တင့်ဖြစ်လိမ့်မယ်လို့ ထင်ကြေးပေးထားသူတွေလည်းရှိပါတယ်။

ZTZ-99B တင့်ရဲ့ပစ်အားအတွက် ZPT-98 အမျိုးအစား ကျည်ထိုးစက်ပါ ၁၂၅ မီလီမီတာရှိ ပြောင်းချောအမြောက် တစ်လက်၊ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲစက်သေနတ်တစ်လက်နဲ့ ၁၂ ဒသမ ၇ မီလီမီတာ လေယာဉ်ပစ်စက်သေနတ်တစ်လက်တို့ တပ်ဆင်ထားပါတယ်။ ၁၂၅ မီလီမီတာအမြောက်က တိုက်ယာဉ်သုံးသမားရိုးကျခဲယမ်းများအပြင် တင့်ဖျက်ပဲ့ထိန်းဒုံးကိုလည်း ထည့်သွင်းပစ်ခတ်နိုင်စွမ်းတယ်လို့ဆိုပါတယ်။

တိုက်ယာဉ်မှာ အလိုအလျောက်ကျည်ထိုးစက်လည်း ပါပါတယ်။ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်အနေနဲ့က ပုံရိပ်တည်ငြိမ်ထိန်းစနစ်နဲ့ အပူပုံရိပ်ဖော်စနစ်တို့ပေါင်းစပ်ထားတဲ့ ခေတ်မီချိန်ခွက်ကိုတပ်ဆင်ထားပါတယ်။ တိုက်ယာဉ်မှူးအနေနဲ့ ရှာဖွေချမှန်းနိုင်စွမ်းရရှိစေဖို့အတွက် မြင်ကွင်းကျယ်ချိန်ခွက်ကို တပ်ဆင်ထားတဲ့အပြင် အလိုအလျောက်ပစ်မှတ်ခြေရာခံစနစ်လည်းပါပါတယ်။ ဒါကြောင့် ယခင်တိုက်ယာဉ်တွေနဲ့နှိုင်းယှဉ်ရင် အဆင့်မြင့်တင်မှုများပြုလုပ်ထားတယ်လို့ ယူဆနိုင်ပါတယ်။

ZTZ-99B တင့်ကိုယ်ထည်ကို ပေါင်းစပ်သံချပ်ကာ၊ ပေါက်ကွဲမှုတုံ့ပြန်သံချပ်ကာတို့နဲ့တည်ဆောက်ထားတဲ့အတွက် သူ့ရဲ့ခံနိုင်ရည်အပိုင်းမှာ သမားရိုးကျတင့်တွေထက် အတိုင်းအတာတစ်ခုအထိတော့ ကာကွယ်ပေးနိုင်မှာပါ။ ဒီတင့်အတွက် စက်စွမ်းအားက မြင်းကောင်ရေ ၁၅၀၀ အားအထိထွက်ရှိတဲ့ 150HB-2 အရည်အအေးပြုစနစ်သုံး V12 တာဘိုချာဂျာဒီဇယ်အင်ဂျင်ကို အသုံးပြုပေးထားပြီး မောင်းအားပေးစနစ်အတွက် Integrated Power Pack ကိုတပ်ဆင်ပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် အမြင့်ဆုံးအမြန်နှုန်းအဖြစ် တစ်နာရီ ကီလိုမီတာ ၈၀ နှုန်းအထိမောင်းနှင်နိုင်ပြီး အရှိန်မြင့်တင်နိုင်မှုမှာ သုည ကီလိုမီတာမှ ၃၂ ကီလိုမီတာအထိကို ၁၂ စက္ကန့်ရှိတဲ့အတွက် လှုပ်ရှားနိုင်စွမ်းကောင်းမွန်တဲ့ သံချပ်ကာတိုက်ယာဉ်တစ်စီးဖြစ်ပါတယ်။



စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် Type-100 အမျိုးအစား မျိုးဆက်သစ်တင့်

## Type-100 မျိုးဆက်သစ်တင့်

အခုစစ်ရေးပြအခမ်းအနားရဲ့ သံချပ်ကာတိုက်ယာဉ်ပြကွက်မှာ Type-100 ဆိုတဲ့ မျိုးဆက်သစ်တင့်လည်း အပါအဝင်ဖြစ်ပါတယ်။ အဲဒီတင့်ကို ZTZ-201 တင့်လို့လည်းခေါ်ပေမယ့် အခုစစ်ရေးပြအခမ်းအနားမှာတော့ Type-100 တင့်လို့သာ ထုတ်ဖော်ကြေညာခဲ့တာပါ။ ဒီတင့်မှာသုံးထားတဲ့ မောင်းအားပေးစနစ်က မျိုးစပ်မောင်းအားပေးစနစ်ဖြစ်ပါတယ်။ သူ့မှာထူးခြားချက်တစ်ခုအနေနဲ့ ဉာဏ်ရည်တုနည်းပညာ (AI) ကိုအသုံးပြုလာတာပါ။ ဒါ့အပြင် ထိန်းချုပ်ပစ်မှတ်ရှာစနစ်နဲ့ ဒရုန်းရန်ကာကွယ်ရေးစနစ်များကိုလည်းပေါင်းစပ်ထားတာတွေ့ရပါတယ်။

ဒါကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ သံချပ်ကာစစ်ဆင်ရေးမူဝါဒအပိုင်းမှာ ပြောင်းလဲမှုတွေလုပ်ဆောင်လာနေပြီလားလို့ ယူဆရဖွယ်ရှိပါတယ်၊ အထူးသဖြင့် အသေခံဒရုန်းများအပါအဝင် ဒရုန်းအမျိုးမျိုး၊ ကွန်ရက်အသုံးပြုပဲ့ထိန်းပစ်ခတ်မှုများအသုံးပြုခြင်းအားဖြင့် ဆန်းသစ်လာတဲ့ ယူကရိန်းပဋိပက္ခမှ တင့်စစ်ဆင်ရေးနည်းဥပဒေသများကို သင်ခန်းစာယူ အဆင့်မြှင့်တင်လာတာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

Type-100 တင့်အတွက် ပင်မလက်နက်က သမားရိုးကျတင့်တွေလိုမျိုးမဟုတ်ဘဲ ၁၀၅ မီလီမီတာ ပြောင်းချောအမြောက်ကို အလိုအလျောက်စနစ်သုံးဆုံလည်ပေါ်မှာတပ်ဆင်ပေးထားပါတယ်။ သမားရိုးကျတင့်တွေနဲ့နှိုင်းယှဉ်ရင် အမြောက်ရဲ့ပြောင်းအချင်းသေးသွားပေမယ့် ပြောင်းမှ ပြောင်းထွက်အလျင်က တစ်စက္ကန့်ကို ၁၇၀၆ မီတာရှိတာကြောင့် NATO နဲ့ ရုရှားတို့ရဲ့ ၁၂၀ မီလီမီတာနဲ့ ၁၂၅ မီလီမီတာ အမြောက်များရဲ့ သံချပ်ကာဖောက်စွမ်းရည်ကိုပင် ယှဉ်ပြိုင်နိုင်ပါတယ်။

ဒီနေရာမှာ တိုက်ယာဉ်အဖွဲ့သားများအတွက် အဆင့်မြင့်နည်းပညာတစ်ခုကိုလည်း ပေါင်းစပ်အသုံးပြုပေးထားတာတွေ့ရပါတယ်။ အဲဒီနည်းပညာကတော့ အဆင့်မြင့်တိုက်လေယာဉ်များမှာအသုံးပြုလေ့ရှိတဲ့ Augmented Reality (AR) နည်းပညာဖြစ်ပါတယ်။ ဒီနည်းပညာကိုအသုံးပြုထားတာကြောင့် တင့်ထဲမှာရှိတဲ့တိုက်ယာဉ်အဖွဲ့သားများအနေနဲ့ တင့်ပြင်ပရှိအခြေအနေများအားလုံးကို ၃၆၀ ဒီဂရီ ပတ်ပတ်လည်မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီလိုမြင်တွေ့နိုင်စေဖို့အတွက် တင့်ကိုယ်ထည်ပတ်ပတ်လည်မှာ ကင်မရာများစွာနဲ့ အာရုံခံကိရိယာများစွာကိုတပ်ဆင်ပေးထားပြီး AR နည်းပညာနဲ့ချိတ်ဆက်အသုံးပြုထားတာကြောင့် တင့်ပြင်ပမှာဖြစ်ပေါ်နေတဲ့အရာများအားလုံးကို ပကတိပုံရိပ်များအတိုင်း မြင်တွေ့နိုင်စေပါလိမ့်မယ်။

ဒါ့အပြင် တိုက်ယာဉ်မှူး၊ ယာဉ်မောင်းနဲ့ အမြောက်ပစ်သမားတို့အနေနဲ့ သူတို့ရဲ့တာဝန်နဲ့သက်ဆိုင်တဲ့အခြေအနေမှာ AR စနစ်ကိုထားပြီး ကြည့်နိုင်မှာဖြစ်တဲ့အတွက် စစ်ဆင်ရေးတာဝန်ကို ပိုမိုထိရောက်စွာထမ်းဆောင်နိုင်စေမှာဖြစ်ပါတယ်။ ကိုယ်ထည်ရဲ့တည်ဆောက်ပုံက ၂၀၁၅ ခုနှစ်အတွင်းတီထွင်ထုတ်လုပ်ခဲ့တဲ့ Type-15 အမျိုးအစား အပေါ့စားပင်မတိုက်ပွဲဝင်တင့်ရဲ့ကိုယ်ထည်ကို အသုံးပြုထားဖွယ်ရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် တောင်ကုန်းတောင်တန်းထူထပ်တဲ့ဒေသတွေမှာပါအသုံးပြုနိုင်စေဖို့အတွက် Type-100 တင့်တွေရဲ့အရွယ်အစားကို သေးငယ်ထားတာလည်းတွေ့ရှိရပါတယ်။



စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် Type-99B အမျိုးအစား ပင်မတိုက်ပွဲဝင်တင့်

Ref: Xinhua, DS

သူရိန်၊ ကိုထက်

# အစ္စရေးတိုက်ခိုက်မှုကို အရေးယူတုံ့ပြန်ရန် အာရပ်နှင့်မူဆလင် နိုင်ငံများက ဒိုဟာ၌ ဆွေးနွေးမှုစတင်

ဒိုဟာ၊ နိုင်ငံရေး


ကာတာနိုင်ငံရှိ ဟားမက်အဖွဲ့ဝင်များ နေထိုင်ရာနေရာကို အစ္စရေးစစ်ဘက်က ဝင်ရောက်တိုက်ခိုက်မှုလုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ အစ္စရေးအပေါ်အရေးယူ တုံ့ပြန်နိုင်ရေးအတွက် အာရပ်နှင့်မူဆလင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက စက်တင်ဘာလ ၁၄ ရက်တွင် ဒိုဟာမြို့၌ ဆွေးနွေးမှုများ စတင်လုပ်ဆောင်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ပြီးနောက် စက်တင်ဘာလ ၁၅ ရက်တွင် အဆိုပါနိုင်ငံများမှ ခေါင်းဆောင်များက အရေးပေါ်အစည်းအဝေးလုပ်ဆောင်သွား မည်ဖြစ်ပြီး တူညီသောရပ်တည်ချက်ထွက် ပေါ်လာစေရေးအတွက် ဆွေးနွေးမှုများ လုပ်သွားမည်ဖြစ်ကြောင်း အစည်းအဝေး ကိုစီစဉ်သူများကပြောသည်။

ယခုလုပ်ဆောင်သည့် နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးတွင် ဒိုဟာ ကြေညာချက်ထုတ်ပြန်နိုင်ရေးအတွက် ပဏာမဆွေးနွေးမှုများလုပ်ဆောင်ကြောင်း၊ ထိုဆွေးနွေးမှုမှထွက်ပေါ်လာသည့် ဒိုဟာ ကြေညာချက်ကို အာရပ်နှင့်မူဆလင်နိုင်ငံ များမှခေါင်းဆောင်များက အတည်ပြုပေး သွားမည်ဖြစ်ကြောင်းသိရသည်။

Ref: Sputnik

# ရုရှားက ဘယ်လာရုစ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း အသံနှုန်းလွန်ဒုံးကျည်များနှင့် ဗုံးကြဲလေယာဉ်များကိုအသုံးပြု







မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံက Zapad အမည်ရှိ ပူးတွဲ စစ်ရေးလေ့ကျင့်ခန်းကို ဘယ်လာရုစ်နိုင်ငံ နှင့်လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာလ ၁၄ ရက်တွင် အသံနှုန်းလွန်ဒုံးကျည် ဖြစ်သည့် Zircon ဒုံးကျည်ပစ်ခတ်မှုနှင့် အသံထက်မြန် တိုက်ခိုက်ရေး-ဗုံးကြဲ လေယာဉ်များကိုအသုံးပြုကြောင်း သိရ သည်။

ဘားရန့်ပင်လယ်ပြင်အတွင်းရှိ ပစ်မှတ် တစ်ခုကို Zircon ဒုံးကျည်အသုံးပြု၍လည်း ကောင်း၊ အခြားပစ်မှတ်များကို Su-34 အသံထက်မြန် တိုက်ခိုက်ရေး-ဗုံးကြဲ လေယာဉ်များအသုံးပြု၍လည်းကောင်း လေ့ကျင့်မှုများပြုလုပ်သည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို စက်တင်ဘာလ ၁၂ ရက်တွင်စတင် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုစစ်ရေး လေ့ကျင့်ခန်းကိုလုပ်ဆောင်ရခြင်းသည် ရုရှား သို့မဟုတ် ဘယ်လာရုစ်နိုင်ငံ တိုက်ခိုက်ခံရပါက စစ်ဘက်ဆိုင်ရာကွပ်ကဲ မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေ ရန်ရည်မှန်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန် ထားသည်။

ထို့ပြင် ယခုလုပ်ဆောင်သော စစ်ရေး လေ့ကျင့်ခန်းသည် ခံစစ်သဘောဆောင် သောလေ့ကျင့်ခန်းသာဖြစ်ပြီး မည်သည့် NATO တပ်ဖွဲ့ဝင်နိုင်ငံကိုမျှ တိုက်ခိုက်ရန် ရည်ရွယ်ခြင်းမဟုတ်ကြောင်း ရုရှားနှင့် ဘယ်လာရုစ်အစိုးရတာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

အလားတူ ရုရှားနိုင်ငံ၏မြောက်ပိုင်း ရေယာဉ်စုမှ တာဝေးသွားရေငုပ်သင်္ဘော ဖျက်လေယာဉ်များကလည်း ထိုစစ်ရေး လေ့ကျင့်ခန်းတွင်ပါဝင်ကြောင်း၊ Su-34 တိုက်ခိုက်ရေး - ဗုံးကြဲလေယာဉ်များမှ စစ်သည်များက မြေပြင်ပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်မှုများလုပ်ဆောင်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက် ၌ဆက်လက်ဖော်ပြထားသည်။

Zircon ဒုံးကျည်သည် အသံထက် ၉ ဆ မြန်သောနှုန်းဖြင့်ပျံသန်းကာ ကီလိုမီတာ ၁၀၀၀ ကျော်အကွာအဝေးအတွင်းရှိသော ပင်လယ်ပြင်နှင့်မြေပြင်ရှိ ပစ်မှတ်များကို တိကျမှုရှိစွာ ထိမှန်နိုင်စွမ်းရှိကြောင်း သိရ သည်။

Ref: BP

# အင်ဒိုနီးရှား၌ ခရီးသွားဘတ်စကား မတော်တဆမှုဖြစ်ပွား လူရှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

ဂျကာတာ၊ မတော်တဆမှု

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ၌ စက်တင်ဘာလ ၁၄ ရက်တွင် ခရီးသွား များကိုတင်ဆောင်လာသော ဘတ်စကား တစ်စီးသည် လမ်းလယ်တုံးများနှင့်လမ်း ဘေးစည်းရိုးများကို ဝင်တိုက်မှုဖြစ်ပွားရာ လူရှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာ ရရှိကြောင်းသိရသည်။

ထိုဘတ်စကားသည် ခရီးသွား ၅၀ ခန့် ကိုတင်ဆောင်ကာ ဘရိုမိုတောင်မှပြန်လာ စဉ် ဘိုတိုကျေးရွာအတွင်းရှိ ကုန်းဆင်း လမ်းအတိုင်းဆင်းလာစဉ် ဘရိတ်ပေါက် ခြင်းကြောင့် ယခုကဲ့သို့မတော်တဆမှုဖြစ် ပွားရခြင်းဖြစ်ကြောင်း သဘာဝဘေး ဆိုင်ရာအေဂျင်စီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆလာမတ်အေကပြောသည်။

“အခုဖြစ်တဲ့ မတော်တဆမှုမှာ လူခုနစ် ဦးက ပွဲချင်းပြီးသေဆုံးသွားပါတယ်။ တစ် ဦးကတော့ ဆေးရုံရောက်မှသေဆုံးသွား တာပါ။ ဒဏ်ရာရရှိသူကလည်း အများကြီး ရှိပါတယ်။ ဘတ်စကားကတော့ ဆိုးဆိုး ဝါးဝါးပျက်စီးသွားပါတယ်”ဟုဆလာမတ်အေ ကဆက်ပြောသည်။ ထိုဖြစ်စဉ်၌ဒဏ်ရာ ရရှိသူများကို နီးစပ်ရာဆေးရုံများနှင့်ဆေး ခန်းများသို့ပို့ဆောင်ပေးထားပြီး ရဲတပ်ဖွဲ့ ကစုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိ ကြောင်းသိရသည်။

Ref: Xinhua

# ဗြိတိန်၌ဆန္ဒပြမှုများအတွင်း နောက်ထပ်ဖမ်းဆီးမှုများလုပ်မည်ဟု ရဲတပ်ဖွဲ့ကသတိပေး

လန်ဒန်၊ ပြည်တွင်းရေး

ဗြိတိန်နိုင်ငံ၌လုပ်ဆောင်နေသော လက် ယာစွန်းရောက်သူများ၏အကြီးဆုံးသော ဆန္ဒပြမှုများအတွင်း နောက်ထပ်ဖမ်းဆီး မှုများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကစက်တင်ဘာလ ၁၄ ရက်တွင်သတိပေးထားသည်။

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတက်ကြွ လှုပ်ရှားသူ တွမ်မီရော်ဘင်ဆန်ဦးဆောင် သော အဆိုပါဆန္ဒပြမှုများတွင် ဆန္ဒပြသူ တစ်သိန်းခွဲခန့်ကို ရဲတပ်ဖွဲ့ကထိန်းချုပ်နိုင် ရေးကြိုးပမ်းနေစဉ် လက်မခံနိုင်သောပြုမူ မှုများလုပ်ဆောင်သည့် ဆန္ဒပြသူ ၂၄ ဦးကို ထပ်မံဖမ်းဆီးထားကြောင်း လန်ဒန်မြို့ ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

လန်ဒန်မြို့လယ်ကောင်၌ Unite the Kingdom ခေါင်းစဉ်ဖြင့်လုပ်ဆောင် သောဆန္ဒပြမှုများတွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင် ၂၆ ဦးဒဏ်ရာရရှိကြောင်း၊ ၎င်း တို့အနက်လေးဦးမှာ ပြင်းထန်သည့် ဒဏ်ရာများရရှိထားကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။




ထို့ပြင် ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကိုခံရသူ များတွင် အမျိုးသမီးလေးဦးနှင့် အမျိုးသား ၂၁ ဦးပါဝင်ကြောင်း၊ အသက်အကြီးဆုံး မှာ ၅၈ နှစ်ဖြစ်ပြီး အသက်အငယ်ဆုံးမှာ ၁၉ နှစ်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၌ အီသီယိုးပီးယားနိုင်ငံမှ ရောက်ရှိလာပြီး လိင်ပိုင်းဆိုင်ရာတိုက်ခိုက် မှုကျူးလွန်သူအမျိုးသားကို ရဲတပ်ဖွဲ့က ဖမ်းဆီးပြီး နိုင်ငံအတွင်းလူဝင်မှုကြီးကြပ် ရေးနှင့်ပတ်သက်၍ ပြည်သူများကဆန္ဒပြ မှုများလုပ်ဆောင်လာခြင်းဖြစ်သည်။ စက် တင်ဘာလ ၁၃ ရက်တွင်စတင်ဖြစ်ပွားသည့် အဆိုပါဆန္ဒပြမှုများသည် ဗြိတိန်နိုင်ငံ၏ အကြီးဆုံးသောဆန္ဒပြမှုများအနက်တစ်ခု ဖြစ်လာကြောင်းသိရသည်။

Ref: SCMP

# တရုတ်နှင့်အမေရိကန် စတုတ္ထအကြိမ် ကုန်သွယ်ရေးဆွေးနွေးမှုစတင်



မက်ဒရစ်၊ ကုန်သွယ်ရေး

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ များသည် စပိန်နိုင်ငံ မက်ဒရစ်မြို့၌စတုတ္ထ အကြိမ်ကုန်သွယ်ရေးဆွေးနွေးမှုကိုစတင် လုပ်ဆောင်ကြောင်းသိရသည်။

တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလိုင်ဖန်း နှင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ ဘတ်ဆန့်တို့ဦးဆောင်သော ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့များသည် စက်တင်ဘာ လ ၁၄ ရက်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့ သို့ရောက်ရှိလာခြင်းဖြစ်သည်။


အဆိုပါကုန်သွယ်ရေးကိုယ်စားလှယ် များသည် နှစ်နိုင်ငံကြားသွင်းကုန်အခွန် တိုးမြှင့်မှုခေတ္တဆိုင်းငံ့သည့်သဘောတူညီ ချက်သက်တမ်းကုန်ဆုံးမည့် နိုဝင်ဘာလ မတိုင်မီယခုကဲ့သို့ဆွေးနွေးမှုများလုပ်ဆောင် ခြင်းဖြစ်သည်။ ဆွေးနွေးမှုတွင် အမျိုးသား လုံခြုံရေး၊ အပြန်အလှန်အကျိုးစီးပွားများ နှင့်စပ်လျဉ်းသည့် စီးပွားရေးနှင့်ကုန်သွယ် ရေးကိစ္စရပ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref: SCMP


## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ကျင်းပနိုင်ရေးစည်းဝေး

ညောင်ရွှေ စက်တင်ဘာ ၁၄

အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး လှေလှော်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌဦးတင်အောင်က ပြိုင်ပွဲများကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများကို စက်တင်ဘာလ ၂၆ ရက် နေ့လယ်ပိုင်းတွင် ရေလယ်ဆြေ့ခန်းမရှေ့ ရေပြင်၌လည်းကောင်း၊ စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ နန်းကပ်ချောင်း၌လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်နှင့် ၉ ရက် နံနက်ပိုင်းတွင် ဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်ရှေ့ ရေပြင်၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

ဒိုက်ဦး စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပလစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာလ ၁၃ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပလစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၁၂၃၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



အဆိုပါ ပလစ်ကျေးရွာ၌ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွှန့်(ကျေးလက်)**

# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းဆောင်ရွက်



ပဲခူး စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မီးသတ်ဦးစီးဌာနက စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(မကျက်ကြီး)၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း(မကျက်ကြီး)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးမင်းသူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်များ၊ မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန်တို့ကို အသေးစိတ်ရှင်းလင်းဟောပြောသည်။

ထို့နောက် ရေစိုဝတ်ဖြင့်မီးငြိမ်းသတ်ပုံ၊ ဂက်စ်မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံတို့ကို ကျောင်းသား၊ ကျောင်းသူများနှင့်အတူ လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြောင်း သိရသည်။

**အောင်ဖြိုးလင်း၊ (၄၁၀)**

**MWD Education, Knowledge & Sports Channel**

၁၅-၉-၂၀၂၅(တနင်္လာနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade - 6
မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ - ၁၆:၁၅ Grade - 6
အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)

၃။ ၁၆:၁၅ - ၁၇:၁၅ Grade - 6
ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

၄။ ၁၇:၁၅ - ၁၈:၀၀ Grade - 3
မြန်မာစာ၊ အင်္ဂလိပ်စာ

၅။ ၁၈:၀၀ - ၁၉:၃၀ Grade - 3
သင်္ချာ၊ လူမှုရေး၊ သိပ္ပံ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
## ဒေါ်ကြင်တင့်
## အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေ၊ ဦးအောင်စိုး-ဒေါ်မာလာဆွေ၊ (ဦးမြင့်ရွှေ)-ဒေါ်ရီရီသန်း၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ရီရီလွင်-ဒေါက်တာဝင်းသန်း၊ ဦးရွှေဝင်း-ဒေါ်စိုးစိုးနွယ်၊ ဦးကျော်မိုး-ဒေါ်သက်မျိုးစု၊ ဒေါ်အိအိခိုင်-ဦးအောင်မျိုးတို့၏ကျေးဇူးရှင်မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၅ ယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၄-၉-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၃ နာရီ ၂၃ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၉-၂၀၂၅ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## (၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

- (က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- ( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- ( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
- ( ခ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။
- ( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ( င ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

- (က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
- ( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
- ( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၉-၂၀၂၅ ရက်မှ ၃၀-၉-၂၀၂၅ ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈ |





## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတား သံမဏိဆိုင်းကြိုးများတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လကုန်တွင် တပ်ဆင်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ရေလယ်ပင်မတံတားသံမဏိဆိုင်းကြိုးများတပ်ဆင်ခြင်းလုပ်ငန်းတွင်အသုံးပြုခဲ့သော Form Traveler ကို ပြန်လည်ဖြုတ်သိမ်းခြင်းလုပ်ငန်းစဉ်အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တံတားတိုင်ခြေများ၏ မြစ်ညာနှင့် မြစ်ခြေနှစ်ဖက်၊ ကမ်းနှစ်ဖက်လုံးတွင် Radar Reflector တပ်ဆင်ထားသော မီးအချက်ပြ Buoy များကို ရေဒါစနစ်ဖြင့် အလွယ်တကူဖမ်းယူရရှိနိုင်ပြီး ဘေးအန္တရာယ်ကင်းစွာဖြတ်သန်းဝင်ရောက်နိုင်ရန်အတွက် အောက်ပါ Coordinate များအတိုင်း ချထားပေးပြီးဖြစ်ပါသည် -

| | |
|---|---|
| G 1 - | 16 Deg, 46.28 Min (N)<br>096 Deg, 08.54 Min (E) |
| R 1 - | 16 Deg, 46.115 Min (N)<br>096 Deg, 08.485 Min (E) |
| G 2 - | 16 Deg, 46.27 Min (N)<br>096 Deg, 08.60 Min (E) |
| R 2 - | 16 Deg, 46.10 Min (N)<br>096 Deg, 08.55 Min (E) |
| G 3 - | 16 Deg, 46.235 Min (N)<br>096 Deg, 08.74 Min (E) |
| R 3 - | 16 Deg, 46.07 Min (N)<br>096 Deg, 08.70 Min (E) |
| G 4 - | 16 Deg, 46.232 Min (N)<br>096 Deg, 08.805 Min (E) |
| R 4 - | 16 Deg, 46.06 Min (N)<br>096 Deg, 08.77 Min (E) |




၄။ သို့ဖြစ်ပါ၍ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတားမှ Form Traveler ဖြုတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီမှ ၁၈ ရက်နေ့ နံနက် ၀၈:၀၀ နာရီအထိလည်းကောင်း၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် ၀၈:၀၀ နာရီမှ ၂၀ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီအထိလည်းကောင်း၊ အပိုဒ် ၃ ပါ ဧရိယာအတွင်း မည်သည့်ရေယာဉ်မျှ ဖြတ်သန်းခုတ်မောင်းသွားလာခြင်းမပြုကြရန်အတွက် ရေကြောင်းသတိပေးချက် (Notice To Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### ပျောက်ဆုံးကြောင်း

မလှဲ့လှဲ့ဦး(ဘ)ဦးမြင့်ဦး ၅/ဆလက(နိုင်)၁၂၉၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 541091)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၁၇၁၇၇၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ လွိုင်မွေရပ်၊ အခြေခံပညာအထက်တန်းကျောင်း၌ အကြီးတန်းစာရေးတာဝန်ထမ်းဆောင်နေသော ဦးလွန်းတောင် ၁၃/ကတန(နိုင်)၀၁၂၀၉၇၏ဖခင် ဦးဇလွန်း(ခ)ဦးT-Bဇလွန်းနှင့် ဦးဇော်လွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဇလွန်း(ခ)ဦးT-Bဇလွန်း(ခ)ဦးဇော်လွန်း

### ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကံသာ-အ.ထ.က Grade-12 မှပညာသင်ကြားနေသော မောင်နေလင်း၏ဖခင်အမည်မှန်မှာ ဦးခင်ကြိုင် ၉/လဝန(နိုင်)၀၂၉၀၁၆ ဖြစ်ပါကြောင်း။

ဦးခင်ကြိုင်

### ပျောက်ဆုံးကြောင်း

မလှဲ့ဝင်းငွေ(ဘ)ဦးကျော်သိန်း ၁၀/ကမရ(နိုင်)၁၂၀၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း

စဇော်ဝင်းနိုင်(ဘ)မန်းပြုံးချို ၁၄/ကပန(နိုင်)၁၄၄၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၆၈၄၉၈၈

### ပျောက်ဆုံးကြောင်း

မောင်ချစ်စိုး(ဘ)ဦးအောင်နိုင် ၆/လလန(နိုင်)၁၁၆၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 484113)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

# နော်တင်ဟမ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းကွင်းလယ်ကစားသမား အိုဒီဂတ် ဒဏ်ရာရရှိ



လန်ဒန် စက်တင်ဘာ ၁၄

အာဆင်နယ်အသင်းက နော်တင်ဟမ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား အိုဒီဂတ် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် စက်တင်ဘာလ ၁၃ ရက်ညပိုင်းက ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ နော်တင်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကစားသမားသစ် ဇူဘီမန်ဒီက နှစ်ဂိုး၊ ဂျိုကာရက်စ်က တစ်ဂိုးသွင်းယူခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ် ပွဲချိန် ၁၈ မိနစ်တွင် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အိုဒီဂတ်သည် ဒဏ်ရာရရှိခဲ့သဖြင့် နွမ်နီရီနှင့်လူစားလဲခဲ့ရပြီး အဓိကကစားသမားများဖြစ်သော ဆာကာ၊ ဆာလီဘာ၊ ဟာဗက်ဇ်နှင့် ဂျေဆူးတို့အပြင် ယခုအခါ အိုဒီဂတ်ပါ ဒဏ်ရာကြောင့် အနားယူရဖွယ်ရှိနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်အဖြစ် လာမည့်စက်တင်ဘာလ ၁၆ ရက်တွင် ဘီလ်ဘာအိုအသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် စက်တင်ဘာလ ၂၁ ရက်တွင် မန်စီးတီးအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အသင်း၏အဓိကကစားသမားများ ဒဏ်ရာရရှိနေခြင်းကြောင့် နည်းပြအာတီတာအနေဖြင့် အခက်တွေ့ဖွယ်ရှိနေကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် နော်တင်ဟမ်အသင်းကိုအနိုင်ရရှိပြီးနောက် နည်းပြပိုစတီကိုဂလူးနှင့်တွေ့ဆုံခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်ငါးပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိခဲ့သကဲ့သို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလနောက်ပိုင်း ပထမဆုံးအဖြစ် ပရီးမီးယားလိဂ်အိမ်ကွင်းသုံးပွဲဆက် ပေးဂိုးမရှိဘဲ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယင်းပွဲစဉ် ပွဲချိန် ၄၆ မိနစ်တွင် ဒုတိယမြောက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့် ဂျိုကာရက်စ်သည်လည်း ကစားသမားဟောင်းများဖြစ်ကြသည့် ချာမတ်နှင့် လာကာဇတ်တို့နောက်ပိုင်း ပရီးမီးယားလိဂ်အိမ်ကွင်း ပွဲဦးထွက်ပွဲစဉ်နှစ်ပွဲတွင် ဂိုးသွင်းယူနိုင်သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref; Fotmob*

# ရီးယဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ရူဒီဂါ ဒဏ်ရာကြောင့် နှစ်လခွဲခန့် အနားယူရမည်

မက်ဒရစ် စက်တင်ဘာ ၁၄

ရီးယဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ရူဒီဂါသည် ဒဏ်ရာကြောင့် နှစ်လခွဲခန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ရူဒီဂါသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဒဏ်ရာပြဿနာများစွာ တွေ့ကြုံခဲ့သူဖြစ်ပြီး ယခုအခါ လေ့ကျင့်ရေးအစီအစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် ဒီဇင်ဘာလအထိ အနားယူရမည်ဖြစ်သည်။

ရူဒီဂါအနေဖြင့် စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ကစားမည့် စပိန်လာလီဂါနှင့် ချန်ပီယံလိဂ်ပွဲစဉ်များအပြင် လာမည့်အောက်တိုဘာလအတွင်း ဂျူဗင်တပ်စ်၊ လီဗာပူးအသင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်များ၊ အောက်တိုဘာလ ၂၆ ရက်တွင် စပိန်လာလီဂါပွဲစဉ်(၁၀)အဖြစ်ယှဉ်ပြိုင်ကစားမည့် ဘာစီလိုနာအသင်းနှင့် ပွဲစဉ်တို့ကိုပါ လွဲချော်မည်ဖြစ်သည်။

လက်ရှိဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၌ ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် လေးပွဲစလုံး အနိုင်ရရှိထားပြီး ရမှတ် ၁၂ ဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ဘရာဇီးအသင်းတိုက်စစ်မှူး နေမာ အာမခံချက်မရှိကြောင်း နည်းပြအန်ဆယ်လော့တီပြောကြား

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၄

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ဘရာဇီးအသင်းတိုက်စစ်မှူး နေမာ အာမခံချက်မရှိကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားခဲ့သည်။

နည်းပြအန်ဆယ်လော့တီသည် ဘရာဇီးအသင်းကို လက်ရှိနွေရာသီတွင် စတင်ကိုင်တွယ်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဇွန်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံတကာပွဲစဉ်များအတွက် ကစားသမားရွေးချယ်ရာတွင် တိုက်စစ်မှူးနေမာကို အသင်းကစားသမားစာရင်းမှ ချန်လှပ်ထားခဲ့သည်။

နည်းပြအန်ဆယ်လော့တီက တိုက်စစ်မှူး နေမာအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဘရာဇီးအသင်း၏နောက်ဆုံးကစားသမားစာရင်းတွင် ပါဝင်နိုင်ရန် ၎င်း၏ကြံ့ခိုင်မှုအပေါ်တွင်သာ မူတည်နေပြီး လက်ရှိတွင် အာမခံချက်မရှိသေးကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြအန်ဆယ်လော့တီက "ကျွန်တော်တို့က အသင်းမှာ နေမာဘယ်လိုကစားမလဲဆိုတာ စောင့်ကြည့်စရာမလိုပါဘူး။ သူ့ရဲ့ကစားနိုင်စွမ်းကို လူတိုင်းသိပါတယ်။ ဒါပေမဲ့ လက်ရှိဘောလုံးလောကမှာ အရည်အချင်းကို အကောင်းဆုံးချပြနိုင်ဖို့အတွက် ကစားသမားတွေရဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုက ကောင်းမွန်နေဖို့လိုအပ်ပါတယ်။ နေမာသာ အကောင်းဆုံးကြံ့ခိုင်နေမယ်ဆိုရင် လက်ရွေးစင်အသင်းမှာ ပါဝင်နိုင်မှာပါ။ ကျွန်တော် သူနဲ့စကားပြောခဲ့ပြီးပါပြီ။ ပြင်ဆင်ချိန် အလုံအလောက်ရှိတဲ့အတွက် ကမ္ဘာ့ဖလားမှာ အသင်းကို အကောင်းဆုံးကူညီဖို့ ကြိုးစားပါလို့ သူ့ကိုပြောခဲ့ပြီးပါပြီ။ ကြံ့ခိုင်မှုမရှိဘူးဆိုရင်တော့ သူ့အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်က အာမခံချက်မရှိပါဘူး"ဟု ပြောသည်။

ဘရာဇီးအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များယှဉ်ပြိုင်ကစားပြီးချိန်တွင် ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၈ မှတ်ရရှိကာ အဆင့်(၅)နေရာဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# ပရီးမီးယားလိဂ်၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးဆုကို လီဗာပူးအသင်းနည်းပြ အာနေးစလော့နှင့် အဲဗာတန်အသင်းတိုက်စစ်မှူး ဂရီးလစ်ရှ်တို့ရရှိ

လန်ဒန် စက်တင်ဘာ ၁၄

ပရီးမီးယားလိဂ်၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးဆုကို လီဗာပူးအသင်းနည်းပြ အာနေးစလော့နှင့်အဲဗာတန်အသင်းတိုက်စစ်မှူး ဂရီးလစ်ရှ်တို့ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိပရီးမီးယားလိဂ်ချန်ပီယံ လီဗာပူးအသင်းသည် ဩဂုတ်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ဘုန်းမောက်အသင်းကို ၄ ဂိုး-၂ ဂိုး၊ နယူးကာဆယ်အသင်းကို ၃ ဂိုး-၂ ဂိုး၊ အာဆင်နယ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် နည်းပြအာနေးစလော့က ချယ်လ်ဆီးအသင်းနည်းပြ မာရက်စ်ကာ၊ အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်နှင့် ဆန်းဒါးလန်းအသင်းနည်းပြ လီဘာရစ်တို့ကိုကျော်ဖြတ်ပြီး တစ်လတာအကောင်းဆုံးနည်းပြဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို အဲဗာတန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ဂရီးလစ်ရှ်ကရရှိခဲ့ပြီး ၎င်းအနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း တိုက်စစ်မှူးဟောင်း ကယ်လ်ဗတ်လူဝင်နောက်ပိုင်း တစ်လတာအကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့သည့် အဲဗာတန်အသင်းကစားသမား ဖြစ်လာခဲ့သည်။

ထို့ပြင် ၎င်းသည် ပြီးခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်နှစ်ပွဲတွင် ဂိုးဖန်တီးမှုလေးကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတစ်လျှောက် အဲဗာတန်အသင်း၏ နှစ်ပွဲဆက်တွင် ဂိုးဖန်တီးမှုလေးကြိမ် ပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



ပရီးမီးယားလိဂ်၏ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးသွင်းဂိုးဆုကို အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့သည့် လီဗာပူးအသင်းကစားသမား ဆိုဘော့ဇ်စလိုင်းက ရရှိခဲ့ပြီး အကောင်းဆုံးဂိုးပေါက်ကာကွယ်မှုကို ဘာရိုက်တန်အသင်းကစားသမား ဗန်ဟက်ကယ်၏ အပိုင်ကန်သွင်းမှုအားကာကွယ်နိုင်ခဲ့သည့် မန်စီးတီးအသင်း လူငယ်ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်က ရရှိခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

တာချီလိတ် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်စေရန် ရည်ရွယ်၍ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းနှင့်တာဝန်ရှိသူများသည် မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းအားရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါကွန်ကရစ်လမ်းကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်၉၄ သိန်းကိုအသုံးပြု၍မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူကိုယ်တိုင်ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ထိုသို့ပြီးစီးခြင်းကြောင့် ကျေးရွာရှိကျေးလက်နေပြည်သူများအတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



# စစ်တုရင်ပြိုင်ပွဲကျင်းပ

မိုင်းခုတ် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ စက်တင်ဘာလ ၁၃ ရက် မွန်းလွဲပိုင်းတွင် စစ်တုရင်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းကမ်းများကိုပြောကြားပြီး မူလတန်းကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် စစ်တုရင်ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ကလေးစာဖတ်ခန်းရှိပုံပြင်နှင့်ကဗျာများကိုလည်း လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**ခင်သန္တာအောင်**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် သန့်ရှင်းရေးဆောင်ရွက်

မိုင်းတုံ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာလ ၁၄ ရက်နံနက်ပိုင်းတွင် သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းထွန်းဦးစီးသော တပ်ဖွဲ့ဝင် ၅၀ ဦး၊ မိသားစုဝင် ၂၀ ဦးတို့က မိုင်းတုံမြို့ မြို့မရပ်ကွက်ရှိရွှေစေတီဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အမှိုက်သရိုက်များ၊ ချုံနွယ်များ၊ ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ရွှေစေတီဆုတောင်းပြည့် စေတီတော်ပရိဝုဏ်အတွင်း ရှင်းလင်းဆောင်ရွက်ကြောင်းသိရသည်။

**မင်းလွင်**

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

ကျိုင်းတုံ စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် အမှတ်(၃)ရပ်ကွက် လေယာဉ်ကွင်းလမ်း မြို့တော်ခန်းမရှေ့၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၈)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ကျိုင်းတုံ) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးစိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား



ပြည်သူများစုပေါင်း၍ ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆိုင်းဘုတ်ကိုစိုက်ထူကြသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်း၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီးနေမျိုးထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အသိပညာပေးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါဆိုင်းဘုတ်တွင် လူကုန်ကူးမှုတိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှုအဆုံးသတ်စို့ ဆောင်ပုဒ်နှင့် ပြည်သူများအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များကို သံသယရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ ဖော်ပြပါရှိကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိုင်းယန်းမြို့နယ်၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

မိုင်းယန်း စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် မိုင်းလွေခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့်စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့များမှ ဒေသကျွဲမွေးမြူထားရှိမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ရွှေနမ့်လွေအဖွဲ့တို့မှ ဒေသနွားမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မိုင်းလွေခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုးမွေးမြူရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းချေးငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊



အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်အိုးစည်**

သစ်တောသစ်ပင်

တို့ချစ်ခင်

သစ်ပင်စိုက်ပျိုး

ဝင်ငွေတိုး။

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်တားဆီးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၄

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အတွက် လက်နက်/ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများကို ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်၍ ၎င်းတို့ရောက်ရှိခိုအောင်းရာ နေရာများနှင့်အနီးဝန်းကျင်တွင် လက်နက်ဖြင့်ခြိမ်းခြောက်အကြမ်းဖက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့နှင့်အလိုမတူသူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့်နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များလျော့နည်းပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထုတို့ ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့၊ ညမပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ သတင်းဆက်စပ်ဖော်ထုတ်ခြင်းများဖြင့်လည်း ဒေသအလိုက်အကြမ်းဖက်မှုလျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့်အကြမ်းဖက် လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံအချို့၏လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုနှင့် အခြားဆက်စပ်သတင်းဖော်ထုတ်မှုများအရ PDF အမည်ခံအကြမ်းဖက်သမားဖြစ်သူ သန်းလွင်ဆိုသူသည် ရဟန်းသံဃာအယောင်ဆောင်၍ လက်နက်ခဲယမ်းများအား ဖြူးမြို့နယ်၊ ကျောက်တိုင်ကျေးရွာမှ သယ်ဆောင်ကာ ဇယားကျေးရွာအားဖြတ်သန်း၍ ၎င်းမှတစ်ဆင့် အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့အနီး(သို့မဟုတ်) ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၈/၂ သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာအနီး စောင့်ဆိုင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တိုင်ကျေးရွာဘက်မှ ညောင်ပင်သာကျေးရွာဘက်သို့ ရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံအကြမ်းဖက်သမား သန်းလွင်မောင်းနှင်လာသည့် ယာဉ်အမှတ်၊ RLG / 1412၊ X-Trail အနက်ရောင် လိုက်စင်မဲ့ယာဉ်အား ယာဉ်၏ကိုယ်ထည်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်မျိုးစုံ ၉ လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


အကြမ်းဖက်သမားများ သိုဝှက်သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်ဖမ်းဆီးနိုင်မှုကိုတွေ့ရစဉ်။


မော်တော်ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့်လက်နက်/ခဲယမ်းများအား တွေ့ရစဉ်။

ဖမ်းဆီးရမိ ရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံအကြမ်းဖက်သမားအား ဝိနည်းမဲ့ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူဝတ်လဲ၍ စစ်ဆေးမေးမြန်း သတင်းဆက်စပ်ဖော်ထုတ်ချက်များအရ အဆိုပါလက်နက်ခဲယမ်းများကို လာရောက်ယူဆောင်မည့်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၇/၆ အနီး၊ လမ်း၏အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် ပြောက်ကျားယူနီဖောင်း ဝတ်ဆင်ထားသူ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ အပြန်အလှန်ထိတွေ့မှုဖြစ်ပွားနေချိန်တွင် ဖမ်းဆီးရမိရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံအကြမ်းဖက်သမား သန်းလွင်သည် အခွင့်ကောင်းယူ ထွက်ပြေးရန်ကြိုးစားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန်ပြောကြားခဲ့သော်လည်း ရပ်တန့်ခြင်းမရှိသောကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သန်းလွင်သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သက်ဆိုင်ရာဒေသခံများအနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကာ ၎င်းတို့၏လှုပ်ရှားမှုသတင်းများအား ယခုကဲ့သို့အချိန်မီပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည့် လက်နက်၊ ခဲယမ်းများကို အချိန်မီဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးပို့၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၄˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ကြင်တင့်**
**အသက်(၉၅)နှစ်**

သထုံမြို့နေ (ဦးဖွယ်ရာ–ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ချစ်လှစွာသော ဇနီး၊ (ဦးမြင့်ဆွေ)–ဒေါ်ခင်သက်ငွေး တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့်(၉၅)နှစ် သည် ၁၄-၉-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

**ပျောက်ဆုံးကြောင်း**
အောင်မျိုးကျော်(ဘ)ဦးမြစိန် ၈/တတက (နိုင်)၁၄၂၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(M 460037)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း–၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကြူကြူမြင့်(ဘ)ဦးတင်ထွန်းလေး ၉/ကပတ (နိုင်)၂၂၅၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စောမင်းထွန်း(ဘ)ဦးဦးစောထွန်း ၁၁/စတန (နိုင်)၀၇၇၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝါဝါနိုင်(ဘ)ဦးသံချောင်း ၁၄/လမန(နိုင်) ၀၉၈၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အရှင်သုမနသာရ(ဘ)ဦးကံသာ ၈/အလန (သ)၀၀၀၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 728438)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း–၀၉-၄၀၃၂၉၅၃၇၉

**ပျောက်ဆုံးကြောင်း**
မောင်ချို(ဘ)ဦးစန်းလွင် ၇/ရတန(နိုင်) ၁၁၁၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၂၆၀၂၄၀၂၆၀

**ပျောက်ဆုံးကြောင်း**
သီဟမင်းခန့်(ဘ)ဦးရန်အောင်ထွန်း ၁၂/ အစန(နိုင်)၂၅၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MH 734921)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထွဋ်ထွဋ်(ဘ)ဦးအေးကိုနိုင် ၇/ပခန(နိုင်) ၄၇၁၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်နွယ်ဝေ(ဘ)ဦးကျော်ဆန်း ၁၂/လယန (နိုင်)၀၀၀၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၆၆၈၈၁၉၁၅၀

**ပျောက်ဆုံးကြောင်း**
ကေကေခိုင်(ဘ)ဦးခင်နိုင် ၁၄/ပတန(နိုင်) ၁၄၉၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၇၉၀၃၇၁၀၇၁

**ပျောက်ဆုံးကြောင်း**
ရဲကျော်သူ(ဘ)ဦးမြင့်ကျော် ၁၂/သကတ (နိုင်)၁၅၈၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MI 585476)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း–၀၉-၇၇၇၇၃၇၈၄၁

**ပျောက်ဆုံးကြောင်း**
လှဲ့လှဲ့ချို(ဘ)ဦးဝင်းအောင် ၆/ကရရ(နိုင်) ၀၀၅၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၉၇၉၄၂၃၅၁၉

**ပျောက်ဆုံးကြောင်း**
စောရှမိုအေးလှ(ဘ)ဦးညီညီ ၁၄/ဇလန (နိုင်)၁၂၀၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၂၅၄၀၆၅၂၆

**ပျောက်ဆုံးကြောင်း**
မိညီညီအေး(ဘ)ဦးစန်းလွင် ၃/ဘအန(နိုင်) ၄၃၀၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 308656)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၉၁၂၅၃၂၇၁၂

**ပျောက်ဆုံးကြောင်း**
အုတ်တွင်းမြို့နယ်၊ တင်းကုတ္တန်းရွာနေ ဦးအောင်ဇေယျ(ဘ)ဦးဝင်းအောင် ၇/အတန(နိုင်)၁၂၀၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း–၀၉-၉၆၂၄၁၃၁၂

**ပျောက်ဆုံးကြောင်း**
သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြို့မ(၇)လမ်းနေ မခင်ပြည့်ပြည့်ဇော်(ဘ)ဦးမိုးဇော် ၁၂/ သကတ(နိုင်)၁၉၀၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၉၇၄၈၀၅၃၂၇

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။


နေပြည်တော် စက်တင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၂ ရက်**တွင် မြိတ်မြို့၊ ကမ်းနားလမ်း၊ ကွက်သစ်ရပ်ကွက်ရှိဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၈၄၂၇၂)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁ ရက်မှ ၆ ရက်**အထိ အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၄)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၈၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၂ ရက်**တွင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၀)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၅) မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၇၇၄၁၈)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hijet (၁)စီး၊ Toyota Toyoace Van (၁)စီး၊ Foton Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀)နှင့် သံရွာစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၄၁၇၄၁၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၂ ရက်**နေ့တွင် ရွာငံမြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁၃)စီးပေါ်မှ တရားဝင်




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၇၈)မျိုး၊ လူသုံးကုန်ပစ္စည်း(၄၅)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၇၇၁၇၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Hino Truck (၂)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Dong Feng Tractor Head (၄)စီး၊ Scania Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီး၊ DAF Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၇)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၂၇၁၇၅၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၁ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၇၈၆၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၂ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီး၊ Toyota Probox (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ်၊ မြို့သစ်ရပ်ကွက်ရှိခြံဝင်းအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၄၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၉၆၂၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၁၂ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၆၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၃၇၄၅၂၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၅၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO Lemon Tea
PYIN OO LWIN NAN MYAING
2+1 coffee
KHA YAE PIN MART

❖ **စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် . . .**

❖ **ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀၃ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)
**ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ လွှတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (စ)အရ ထုတ်ပြန်ကြေညာလိုက်သည် -

**(က) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆) နယ်**

| **စဉ်** | **မဲဆန္ဒနယ်** | **ပါဝင်သည့်နယ်မြေများ** |
| --- | --- | --- |
| | **ကချင်ပြည်နယ်** | |
| (၁) | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| (၂) | ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |

**စာမျက်နှာ ၃ ကော်လံ ၁ ●**

# လွှတ်တော်အသီးသီး၏မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၀၄/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)
**လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၇/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွှတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ( ၉ ) နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆) နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ - ၉ - ၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် ( ၁၀၃ /၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ **စာမျက်နှာ ၅ ကော်လံ ၁ ◆**

**အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်လာသည့် လက်နက် / ခဲယမ်းများအား ဖော်ထုတ်တားဆီးနိုင်ခဲ့**

စာ - ၂၉ သို့

**တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ**

| **အင်္ဂလန်ပရီးမီးယားလိဂ်** | | | **စပိန်လာလီဂါ** | | |
| --- | --- | --- | --- | --- | --- |
| ဘာရန့်ဖို့ | ၂ - ၂ | ချဲလ်ဆီး | အက်သလက်တီကို | ၂ - ၀ | ဗီလာရီးယဲ |
| ဘန်လေ | ၀ - ၁ | လီဗာပူး | ဆဲလ်တာဗီဂို | ၁ - ၁ | ဂီရိုနာ |
| မန်စီးတီး | ၃ - ၀ | မန်ယူ | လီဗန်တေး | ၂ - ၂ | ဘက်တစ် |

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဂုဒ်သိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် —
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်




ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု